မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၇ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၅ ရက်၊ ၂၀၀၆ ခုနှစ်၊ မေ ၂ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ(၄၅)၊ အမှတ်(၁၈၄)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

မိုးစပါးနှင့်နွေစပါး လျာထားချက်ထက်ပြည့်မီကျော်လွန်အောင်စိုက်ပျိုး မျိုးကောင်းမျိုးသန့်နှင့် အထွက်တိုးမျိုးစပါးများ စိုက်ပျိုးထုတ်လုပ် ချမှတ်ပေးထားသောရည်မှန်းချက်တာဝန်များ အောင်မြင်အောင်ဆောင်ရွက်

နေပြည်တော်မြို့တော် မေ ၁

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် မတ် ၂၉ရက် နံနက် ၁၀နာရီတွင် မွန်ပြည်နယ် စစ်တောင်းတံတားသို့ရောက်ရှိရာ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး စစ်တောင်းတံတားဧည့်ရိပ်သာ၌ တာဝန်ရှိသူများက စစ်တောင်းတံတားနှင့် ပတ်သက်သည်များကို လည်းကောင်း၊ ကျိုက်ထိုမြို့နယ် ဝင်းကံကျေးရွာ ကျုံပကူးချောင်းတံတားတည်ဆောက်ပြီးစီးမှုနှင့် ကျေးရွာ အခြေခံပညာမူလတန်းကျောင်း ဆောက်လုပ်ပြီးစီးမှုအခြေအနေများ၊ ဝင်းကံ–သုံးခွ–ဆင်တွင်းကျေးရွာချင်းဆက်လမ်း ဖောက်လုပ်ပြီးစီးမှုအခြေအနေများကိုလည်းကောင်း အသီးသီး ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က ဖြည့်စွက်ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက လိုအပ်သည်များ မှာကြားညွှန်ကြား ဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် အဖွဲ့ဝင်များနှင့်အတူ ကရင်ပြည်နယ် ဒုံသမိတံတားသို့ရောက်ရှိရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးကျော်ဆွေ၊ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူးနှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး မြိုင်ကလေးရှိ တန် ၄၀၀၀ ဘိလပ်မြေစက်ရုံရှင်းလင်းဆောင်၌ ဗိုလ်မှူးကြီးသိန်းတန်က စက်ရုံ၏ ကုန်ထုတ်လုပ်မှု အခြေအနေများနှင့် ဝန်ထမ်းခန့်ထားဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဂရုပြုဆောင်ရွက်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက စက်ရုံ၏ ကုန်ထုတ်လုပ်မှု စဉ်ဆက်မပြတ် တိုးတက်မြင့်မားအောင်

စာမျက်နှာ ၈ ကော်လံ ၁ ●

ဘားကပ်လျှပ်စစ်မြစ်ရေတင်လုပ်ငန်း ကြည့်ရှုစစ်ဆေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို ဘားအံမြို့နယ်ရှိ ဘားကပ်လျှပ်စစ်မြစ်ရေတင်လုပ်ငန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

မြန်မာ့အလင်း

အင်တာနက် သတင်း နှင့် ဓာတ်ပုံအညွှန်း

ကမ္ဘာ့ ပထမဆုံး ပင်လယ်လှိုင်း အသုံးပြု လျှပ်စစ် ဓာတ်အား အီတလီနိုင်ငံ၌ အောင်မြင်စွာ စမ်းသပ်ထုတ်လုပ်။

အင်တာနက်သတင်းနှင့် ဓာတ်ပုံ (စာ-၆)

ကိုရီးယားသရုပ်ဆောင် ကင်မ်ဟီဆွန်း ပြင်သစ် ကိန်းစ်ရုပ်ရှင်ပွဲတော် တက်ရောက်မည်။

အင်တာနက်သတင်းနှင့် ဓာတ်ပုံ (စာ-၆)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၆ ခုနှစ်၊ ဧပြီလ ၂ ရက်)

ပို့ကုန်များတိုးမြှင့်တင်ပို့နိုင်ရေး ကြိုးပမ်း ဖွံ့ဖြိုးမှုအခြေခံကောင်းများ ခိုင်မာအောင်တည်ဆောက်

နိုင်ငံတော်သည် ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေးဟူသည့် စီးပွားရေးဦးတည်ချက်အရ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များ၏ ကုန်ပစ္စည်းထုတ်လုပ်ရေး၊ ရောင်းဝယ်ဖောက်ကားရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းအပိုင်းများတွင် ဖွံ့ဖြိုးတိုးတက်လာစေရန် အဘက်ဘက်က အားပေးကူညီပံ့ပိုးပေးနေသည်။

ဤသို့ နိုင်ငံတော်၏ အားပေးကူညီမှု၊ နည်းပေးလမ်းပြစီမံဆောင်ရွက်မှုနှင့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များ၏ တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်မှုများကြောင့် ကုန်ထုတ်လုပ်မှုကဏ္ဍ၊ ကုန်သွယ်မှုကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍစသည်တို့တွင် တိုးတက်အောင်မြင်မှု အခြေခံကောင်းများ ရရှိနေပြီဖြစ်သည်။ ပုဂ္ဂလိက ကဏ္ဍအနေဖြင့် အောင်မြင်မှုများရရှိအောင် ဦးဆောင်ဦးရွက်ပြုပြီး စည်းရုံးစုစည်းစီမံဆောင်ရွက်ပေးနေသည့် ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၏ ကဏ္ဍသည်လည်း အလွန်အရေးပါလာပြီ ဖြစ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်အနေဖြင့် လွန်ခဲ့သည့်တစ်နှစ်အတွင်း အသင်းသားဦးရေ၁၅၅၀ တိုးခဲ့သဖြင့် စုစုပေါင်း၁၅၂၄၅ဦးဖြစ်လာခြင်း၊ အသင်းဝင်အသင်း ခုနစ်သင်းတိုးလာ၍ ၅၁သင်းဖြစ်လာခြင်း၊ ပြည်ပဧည့်သည်၅၇၃ဦးကို အသင်းချုပ်က လက်ခံတွေ့ဆုံပြီး နှစ်နိုင်ငံကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို ဆွေးနွေးညှိနှိုင်းနိုင်ခဲ့ခြင်း၊ ပြည်ပသင်တန်း၊ အစည်းအဝေးနှင့် ဆွေးနွေးပွဲများသို့ အသင်းသား၂၇၀ စေလွှတ်နိုင်ခဲ့ခြင်း၊ ပြည်ပနိုင်ငံများ၌ ကျင်းပသည့် နိုင်ငံတကာပြပွဲပေါင်း ၂၉ပွဲသို့ အသင်းသားပေါင်း ၇၃၉ဦး စေလွှတ်ပြီး အင်တိုက်အားတိုက် တက်ရောက်ညှိနှိုင်းဆွေးနွေး ဆောင်ရွက်နိုင်ခဲ့ခြင်းတို့သည် ထင်ရှားသည့် အောင်မြင်မှုများအဖြစ် တွေ့မြင်ရသည်။ နိုင်ငံတကာပြပွဲများတွင် အကောင်းဆုံး ပြခန်းဆုများ ချီးမြှင့်ခံရခြင်း၊ Miss ASEAN 2005 ပြိုင်ပွဲတွင် Miss Talent ဆု ရရှိခဲ့ခြင်းတို့သည်လည်း ထူးခြားသည့် အောင်မြင်မှုများဖြစ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၏ ဦးဆောင်မှုဖြင့် ပုဂ္ဂလိကကဏ္ဍသည် နိုင်ငံတော်၏ဂျီဒီပီ၌ ရာခိုင်နှုန်း၉၀အထိ ပါဝင်နေပြီဖြစ်သည်။ မြန်မာနိုင်ငံ၏ ပြည်ပပို့ကုန် တင်ပို့မှုအပိုင်း၌လည်း ၂၀၀၃-၂၀၀၄ခုနှစ်က ဒေါ်လာ၂ ဒသမ၄ဘီလီယံဖိုး တင်ပို့သည့်အနက် ပုဂ္ဂလိကကဏ္ဍက ဒေါ်လာ၁ ဒသမ ၃ဘီလီယံဖိုး တင်ပို့နိုင်သည့်အတွက် ၅၅ဒသမ၅ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့သည်။ ၂၀၀၄-၂၀၀၅ခုနှစ်တွင်လည်း ဒေါ်လာ၂ဒသမ၈ဘီလီယံဖိုး တင်ပို့ခဲ့ရာ၌ ပုဂ္ဂလိကကဏ္ဍက ဒေါ်လာ၁ဒသမ၂ဘီလီယံဖိုး တင်ပို့နိုင်ခဲ့သည့်အတွက် ၄၃ရာခိုင်နှုန်းကျော် တင်ပို့နိုင်ခဲ့သည်ကို တွေ့ရသည်။ မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်မှု ပမာဏတွင် ပုဂ္ဂလိကကဏ္ဍသည် ၅၃ဒသမ၆ရာခိုင်နှုန်းခန့်အထိ ပါဝင်သည်ကို တွေ့ရသည်။

နိုင်ငံတော်အနေဖြင့် ပို့ကုန်သွင်းကုန်မူဝါဒကို မှန်ကန်စွာကျင့်သုံးပြီး ပို့ကုန်လုပ်ငန်းကို အားပေးသည့် ပို့ကုန်ပထမ၊ သွင်းကုန်ဒုတိယစနစ်ကို ချမှတ်ပေးနိုင်ခဲ့သည်။ ထို့ပြင် နိုင်ငံတော်အတွက် အမှန်တကယ်လိုအပ်နေသည့် ပစ္စည်းများကိုစိစစ်ပြီး တင်သွင်းခွင့်ပြုနေသည့်အတွက် ၂၀၀၂-၂၀၀၃ ခုနှစ်ကစပြီး ပို့ကုန်တန်ဖိုးက သွင်းကုန်တန်ဖိုးထက် ပိုလာသည်ကို တွေ့ရသည်။

ယခုအခါ နိုင်ငံတော်တစ်ဝန်းရှိ မြေလွတ်မြေလပ်များကို ရှာဖွေဖော်ထုတ်ပြီး ပြည်ပပို့ကုန်သီးနှံများကို ဦးစားပေးစိုက်ပျိုးကြရန် နိုင်ငံတော်နှင့်တကွ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်က ဦးဆောင်စည်းရုံးဆောင်ရွက်နေပြီဖြစ်သည်။ ဤသို့ တိုးချဲ့စိုက်ပျိုးမှုက ထွက်ပေါ်လာသည့် သီးနှံများကို ပြည်ပပို့ကုန်အဖြစ် အဆင့်မီအောင်သန့်စင်ခြင်း၊ အရွယ်အစားခွဲခြားခြင်း၊ အရောင်တင်ခြင်းစသဖြင့် ဈေးကွက်အကြိုက်ဖြစ်အောင် တန်ဖိုးမြှင့် ထုတ်လုပ်ပြုပြင်ခြင်းအားဖြင့် ပြည်ပဈေးကွက်အလယ်တွင် မျက်နှာပန်းလှပြီး ဈေးနှုန်းကောင်းကောင်းရရှိအောင် ကြိုးပမ်းကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်အနေဖြင့် ပို့ကုန်များ တိုးမြှင့်တင်ပို့နိုင်အောင် ကြိုးပမ်းဆောင်ရွက်ရင်း တိုးတက်ဖွံ့ဖြိုးမှု အခြေခံကောင်းများကို ခိုင်မာအောင် တည်ဆောက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့်သန္နိဋ္ဌာန်

၂၀၀၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့် သန္နိဋ္ဌာန်(၆)ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ကျွန်ုပ်တို့သည် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ဆက်လက်ခံယူကျင့်သုံးလိုက်နာသွားမည်။
(၂) ကျွန်ုပ်တို့သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရန် ချမှတ်ထားသော ဦးတည်ချက်များကို မမှိတ်မသုန် အကောင်အထည်ဖော်သွားမည်။
(၃) ကျွန်ုပ်တို့သည် မိမိနိုင်ငံနှင့် မိမိနိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်သွားမည်။
(၄) ကျွန်ုပ်တို့သည် လူနေမှုဘဝမြင့်မားပြီး အေးချမ်းတည်ငြိမ်သော နိုင်ငံတော်ကို တည်ဆောက်မည်။
(၅) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်မည်။
(၆) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးကို ကြိုးပမ်းဆောင်ရွက်မည်။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂-၄-၂၀၀၆ (တနင်္ဂနွေနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	တေးဂီတအစီအစဉ်
၇း၁၀	Sunday Talk [ဦးမျိုးမြတ်သူ၊ ဒေါက်တာ ဇော်သန်း၊ ကိုကို (စက်မှုတက္ကသိုလ်)]
၈း၀၅	တေးဂီတအစီအစဉ်
၈း၁၀	ပြည်တွင်း သတင်းအကျဉ်း
၈း၂၀	ကြည့်နူးခံစား လက်ဆောင်ထုပ်ပိုးမှုများ
၈း၃၀	တေးဂီတအစီအစဉ်
၈း၃၅	မိုးလေဝသခန့်မှန်းချက်
၈း၄၀	Myanmar Video Rhythm
၉း၃၀	တေးဂီတအစီအစဉ်
၉း၃၅	နိုင်ငံတကာသတင်းအကျဉ်း
၉း၄၀	အသည်းရောင်အသားဝါ(စီ) ရောဂါပိုးကို ကုသနိုင်သော နည်းလမ်းများ (အပိုင်း-၁)
၁၀း၀၀	တေးဂီတအစီအစဉ်
၁၀း၀၅	Teen Star (Bambino အဖွဲ့နှင့် တွေ့ဆုံခြင်း)
၁၀း၂၅	ပြည်တွင်း သတင်းအကျဉ်း
၁၀း၃၅	တေးဂီတအစီအစဉ်
၁၀း၄၀	အမှတ်(၄)အထပ်သားစက်ရုံ (ပုသိမ်)
၁၀း၅၀	ဂီတသံစဉ် အလှဆင်
၁၁း၀၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၁၀	တေးဂီတအစီအစဉ်
၁၁း၁၅	မြန်မာ့ခြင်းလုံး
၁၁း၂၅	တေးဂီတအစီအစဉ်
၁၁း၃၀	အနုပညာရုပ်ဝန်းမှ ပွဲတင်သံများ (ငါမုန်းတဲ့ သကြီန်)
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	အစီအစဉ်	လိုင်း
၈း၂၅	Man. City-Middlesbrough	5-Cartoons (Live)
၉း၀၀	ပွဲကြိုသုံးသပ်ချက်	5-Sports (Live)
၉း၂၅	West Ham-Charlton	5-Sports (Live)
၁၁း၃၀	Final Score	5-Sports (Live)

မြဝတီရုပ်မြင်သံကြား

၂-၄-၂၀၀၆
(တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၀	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၄၅	၇။	ခါသကြိန်အဆိုအကများ
၇း၅၅	၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	ဆရာတော် ဦးဃောသိတ တရားတော် **“ဘူတံဘူတတောပဿတိ”**

နေ့လယ်ပိုင်း

၁၂း၀၀	၁။	မြဝတီအဖွင့်
၁၂း၀၅	၂။	အဖွင့်သီချင်း
၁၂း၁၀	၃။	မျိုးချစ်တပ်မတော်
၁၂း၁၅	၄။	မြန်မာ့ရှုခင်း
၁၂း၃၅	၅။	သာယာသီကြွေး ခေတ်ဆန်းတေး
၁၂း၅၀	၆။	မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **“ပြေးသာပြေးပါ”** (အပိုင်း-၂)
၀၁း၅၀	၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	ခါသကြိန်အဆိုအကများ
၄း၂၀	၄။	မျိုးချစ်တပ်မတော်
၄း၃၅	၅။	ခါသကြိန်အဆိုအကများ
၄း၄၅	၆။	သာယာသီကြွေး ခေတ်ဆန်းတေး
၅း၀၀	၇။	အမေးကမ္ဘာတွေးစရာ
၆း၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၉။	နိုင်ငံတကာသတင်း
၆း၂၀	၁၀။	မိုးလေဝသသတင်း
၆း၂၅	၁၁။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၀	၁၂။	ဆပ်ကပ်
၆း၄၀	၁၃။	လျှပ်တစ်ပြက်
၇း၀၀	၁၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“မေတ္တာသည်သာ”** (အပိုင်း-၁)
၈း၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၇။	ကျန်းမာသုတ
	၁၈။	ပဟေဠိနန်းတော်
	၁၉။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၀။	English Premier League ဘောလုံးပွဲအစီအစဉ် West Ham United Vs Charlton Athletic (Live)

ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း) အမှတ် ၃၉ (ဘီ)ရပ်ကွက်၊ နတ်မောက်လမ်း၊ အမှတ် ၁၄နေ ဦးသောင်းညွှန့်(ရဲအုပ်၊ ငြိမ်း)-ဒေါ်တင်တင်ရီ မိသားစုတို့က သမီး မကေသီမိုး၏ မွေးနေ့ အထိမ်းအမှတ် ဆေးပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးအောင်သန်းထံ ပေးအပ် လှူဒါန်းစဉ်။

(က-ဝ)

ကိုယ်လက်လှုပ်ရှားခြင်းဖြင့် ကျန်းမာပျော်ရွှင်ကြံ့ခိုင်သောဘဝကို ရယူကြပါ

ပါမောက္ခ
ဒေါက်တာဒေါ်ခင်မျိုးလှ

"အာရောဂျံပရမံလာဘံ" ကျန်းမာခြင်းသည် လာဘ်ကြီးတစ်ပါးလို့ ရှင်တော်မြတ်ဘုရား ဟောကြားခဲ့ပါတယ်။ မြန်မာ့ယဉ်ကျေးမှု နယ်ပယ်မှာလဲ လူကြီးသူမ ဆရာသမားများကို ပူဇော်ကန်တော့တဲ့အခါ ကျန်းမာပြီး စိတ်သွားတိုင်းကိုယ်ပါလို့ လိုရာဆန္ဒပြည့်ဝကြပါစေလို့ ဆုပေးလေ့ရှိကြပါတယ်။ အဲဒီဆုပေးစကားလေးရဲ့ အနှစ်သာရရဲ့ တန်ဖိုးကို အသက်ရလာတာနဲ့အမျှ တဖြည်းဖြည်းပိုပြီးတော့ သဘောပေါက်နားလည် နှစ်ခြိုက်လာခဲ့ရပါတယ်။ စိတ်သွားတိုင်းကိုယ်ပါဖို့အတွက် ကျန်းမာရေးဟာ အရေးကြီးလှပါတယ်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကလဲ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်ရာမှာ နိုင်ငံသူနိုင်ငံသားတို့ရဲ့ ကျန်းမာကြံ့ခိုင်မှုဟာ အရေးပါတဲ့အတွက် **"တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး"**ကို လူမှုရေးဦးတည်ချက်တစ်ရပ်အဖြစ် လမ်းညွှန်ခဲ့ပြီးဖြစ်ပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနကလဲ အမျိုးသားကျန်းမာရေးကော်မတီရဲ့ လမ်းညွှန်ချက်နှင့်အညီ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် အမျိုးသားကျန်းမာရေးစီမံကိန်းများကို ချမှတ်လုပ်ဆောင်လျက်ရှိပါတယ်။ လူတိုင်းသက်တမ်းစေ့ အသက်ရှည်စွာနေနိုင်ရေးနှင့် လူတိုင်းရောဂါဘယ ကင်းရှင်းရေးဟူသော ကျန်းမာရေးဝန်ကြီးဌာန၏ ရည်မှန်းချက်

နှစ်ရပ်ကို ကျေးလက်ဒေသ အောက်ခြေအထိ ကျန်းမာရေး အသိပညာပေးခြင်း၊ ရောဂါ ကာကွယ်တားဆီးခြင်းနှင့် ရောဂါဖြစ်ပွားလျှင် ထိရောက်စွာကုသမှုပေးခြင်းတည်းဟူသော နည်းနာသုံးရပ်နှင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

"ကျန်းမာခြင်းဆိုသည်မှာ ရောဂါဘယကင်းရှင်းရုံသာမက ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ ကျန်းမာခြင်းနှင့် လူမှုရေးသုခပြည့်စုံခြင်းကို ဆိုသည်" လို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးကလဲ အဓိပ္ပာယ် ဖွင့်ဆိုခဲ့ပြီး ဘဝတစ်ခွင် ကျန်းမာပျော်ရွှင်ကြံ့ခိုင်စေရန် လိုက်နာဆောင်ရွက်ရမည့် လမ်းညွှန်ချက်များ ချမှတ်ခဲ့ပါတယ်။

မိမိအသက်အရွယ်နဲ့ လိုက်လျောညီထွေရှိသည့် သင့်တင့်မျှတသော ကိုယ်လက်လှုပ်ရှားမှုကို မှန်မှန်ဆောင်ရွက်ရန်နှင့် နေ့စဉ်လုပ်ငန်း ဆောင်တာများဆောင်ရွက်ခြင်းကြောင့် ပင်ပန်းနွမ်းနယ်မှုကို ပြေပျောက်စေရန် အနားယူဖို့ အကြံပြုပါတယ်။ ကျန်းမာ ပျော်ရွှင်သောဘဝကို အဓိပ္ပာယ်အမျိုးမျိုး ဖွင့်ဆိုခဲ့ကြပေမယ့် အဓိကအကျဆုံးကတော့ မိမိရဲ့ ကိုယ်စိတ်နှစ်ပါးစလုံး ကျန်းမာရေးနှင့်ပြည့်စုံသော ဘဝနေနည်းအတိုင်း နေထိုင်သွားဖို့ အရေးကြီးတဲ့ အချက်လေးချက်ကို တင်ပြလိုပါတယ်။
အဲဒီအချက်တွေကတော့–

၁။ **အကောင်းဘက်က တွေးခေါ်ရှုမြင်လုပ်ကိုင်နေထိုင်ခြင်း–**

မိမိ၏ဘဝတစ်လျှောက်မှာ လူသားတိုင်းဟာ အသက်ရှင်နေထိုင်ရေးအတွက် ရွေးချယ်မှုတွေကို နေ့စဉ်ရင်ဆိုင်နေရပြီး အဲဒီ မိမိရဲ့ရွေးချယ်မှုတွေအတွက် မှန်ကန်သော လုပ်ဆောင်မှုတွေကို ပြုလုပ်နေကြရပါတယ်။ တစ်ကိုယ်ရေ ကျန်းမာကြံ့ခိုင်ရေး၊ မိမိရဲ့ လုပ်ငန်းခွင် လူမှုဘဝပေါင်းသင်းဆက်ဆံရေး၊ စိတ်ဖိစီးမှုများ၊ အာဟာရနှင့် ဆေးဝါးသောက်သုံးခြင်းစတဲ့ နယ်ပယ်တွေမှာ အကောင်းဘက်မှ ရှုမြင်ရွေးချယ်ခြင်းဖြင့် တခြားသော အကျိုးကျေးဇူးတွေလဲ ရနိုင်ပါသေးတယ်။ "ငါဟာ ဒီနေ့ကစပြီး ဘဝတစ်လျှောက်လုံး ကျန်းမာကြံ့ခိုင်အောင် နေထိုင်လုပ်ဆောင်သွားမယ်"ဆိုတဲ့ သန္နိဋ္ဌာန်ကို ခိုင်ခိုင်မာမာချမှတ်လိုက်ပါ။ အဲဒီ သန္နိဋ္ဌာန်အတိုင်း လုပ်ဆောင်သွားမယ်ဆိုရင် မိမိကိုယ်ကို မိမိယုံကြည်မှုနှင့် မိမိဘဝကိုတန်ဖိုးထားမှုတွေ တိုးပွားလာပြီးတော့ စိတ်ပိုင်းဆိုင်ရာလဲ ကြံ့ခိုင်ကောင်းမွန်လာလိမ့်မယ်လို့ သုတေသနပညာရှင်များက ဆိုပါတယ်။

၂။ **မိမိအသက်အရွယ်နှင့် လိုက်လျောညီထွေဖြစ်မည့် သင့်တင့်မျှတသော ကိုယ်လက် လှုပ်ရှားမှုပြုလုပ်ခြင်း–**

သင့်တင့်မျှတသော ကိုယ်လက် လှုပ်ရှားမှုလေ့ကျင့်ခန်းများဟာလဲ ကျန်းမာပျော်ရွှင်ကြံ့ခိုင် သောဘဝအတွက် အခြေခံကျသော အခန်းကဏ္ဍမှပါဝင်ပါတယ်။ ပုံမှန်ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်းများကြောင့် ရနိုင်သော အကျိုးကျေးဇူးတွေကတော့–

(က) နှလုံးရောဂါကိုကာကွယ်နိုင်ခြင်း
(ခ) သွေးဖိအားပုံမှန်ဖြစ်စေခြင်း
(ဂ) သွေးတွင်းမှသကြားဓာတ်ကို ထိန်းညှိပေးခြင်း
(ဃ) အရိုးပွခြင်းကိုကာကွယ်ခြင်း
(င) ခန္ဓာကိုယ် ဖွဲ့စည်းတည်ဆောက်မှုကို ထောက်ကူပေးခြင်း
(စ) ပိုနေသော ကိုယ်အလေးချိန်ကိုကျစေခြင်း
(ဆ) အရိုးအဆစ်များလှုပ်ရှားမှု ပိုမို လွယ်ကူလာစေခြင်းတို့ ဖြစ်ပါတယ်။

အဲဒီလို အကျိုးကျေးဇူးတွေအပြင် ပုံမှန် ကိုယ်လက်လှုပ်ရှားမှုများဟာ စိတ်ကျန်းမာပျော်ရွှင်ခြင်း၊ စိတ်ပူပန်သောကရောက်မှု၊ စိတ်ဓာတ်ကျဆင်းမှုများကို လျော့ပါးစေခြင်း၊ မိမိကိုယ်မိမိ တန်ဖိုးထားမှုများ တိုးပွားစေခြင်းစတဲ့ စိတ်ပိုင်းဆိုင်ရာ ကြံ့ခိုင်ပျော်ရွှင်စေခြင်းတွေကိုလဲ ရရှိစေပါတယ်။

ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်းတွေကို စတင်လုပ်ဆောင်ရာမှာ သတိပြုရမယ့်အချက်တွေကတော့–

(က) ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်းအစီအစဉ်များစတင်ခြင်း မပြုမီ မိမိ၏မိသားစု ဆရာဝန်နှင့် တွေ့ဆုံဆွေးနွေးခြင်း၊
(ခ) ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်း အစီအစဉ်များကို တဖြည်းဖြည်း တိုးတက်လုပ်ဆောင်ခြင်း၊
(ဂ) မိမိပြုလုပ်နေတဲ့ လေ့ကျင့်ခန်းအစီအစဉ်ပေါ်မှာသာ အာရုံကို စူးစိုက်ထားခြင်း၊
(ဃ) ကိုယ်လက်လှုပ်ရှားမှုများ မစတင်မီနှင့် လုပ်ဆောင်ပြီးချိန်များတွင် သွေးပူလေ့ကျင့်ခန်းများနှင့် အကြောလျှော့လေ့ကျင့်ခန်းများလုပ်ဆောင်ခြင်း၊
(င) မိမိ၏စားသောက်မှုပုံစံနှင့် ကိုယ်လက်လှုပ်ရှားမှု အစီအစဉ်များကို ညှိနှိုင်းဆောင်ရွက်ခြင်း၊
(ကိုယ်လက်လှုပ်ရှားမှုများပြုလုပ်ပြီး နောက်တစ်နာရီခန့်ကြာပြီးမှ အစာစားရန်နှင့် အစာမစားမီ လေ့ကျင့်ခန်းများ ပြုလုပ်ပါက လေ့ကျင့်ခန်းများ ပြုလုပ်ပြီး မိနစ်ကိုးဆယ်ကြာမှသာ စားသောက်ခြင်းကိုပြုလုပ်ရန်)
(စ) လေ့ကျင့်ခန်းများ စတင်လုပ်ဆောင်ရာတွင် ပထမဆုံးတစ်လကို အစမ်းလေ့ကျင့်ကာလအဖြစ် သတ်မှတ်လုပ်ဆောင်ရန်၊
(ဆ) ဖြစ်နိုင်ပါက မိတ်ဆွေသူငယ်ချင်းများနှင့် အတူ ပူးပေါင်းလုပ်ဆောင်ရန်၊
(ဇ) ဖျားနာသည့်အချိန်များတွင် ကိုယ်လက်လှုပ်ရှားမှု မပြုလုပ်ရန်။

အသက် လေးဆယ်ကျော်ပြီး ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်း တစ်ကြိမ်တစ်ခါမျှ မလုပ်ဖူးသူများနှင့် အောက်ဖော်ပြပါ ရောဂါရှိသူတွေကတော့ လေ့ကျင့်ခန်း အစီအစဉ်များ မစတင်မီ သက်ဆိုင်ရာ ဆရာဝန်ကြီးများထံ စစ်ဆေး စမ်းသပ်မှုခံယူပြီး ကိုယ်လက်လှုပ်ရှားမှု ပြုလုပ်ရန် သင့်တော်ကြောင်း အကြံပြုချက် ထောက်ခံချက်များ လိုအပ်ပါတယ်။

- နှလုံးရောဂါဝေဒနာခံစားနေရသူများနှင့် ကုသမှုခံယူဖူးသူများ၊
- ရင်ဘတ်အောင့်ခြင်း ဝေဒနာခံစားဖူးသူများ၊
- နှလုံးခုန်နှုန်းပုံမှန်မဟုတ်သူများ၊
- လေဖြတ်ရောဂါဝေဒနာခံစားဖူးသူများ၊
- လွန်ခဲ့သောသုံးလအတွင်း နှလုံးနှင့်သွေးကြောရောဂါများအတွက် ဆေးဝါးကုသမှုခံယူနေသူများ။

ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းများပြုလုပ်ရာမှာ အမြဲလိုလို တွေ့ကြုံရတာကတော့ စိတ်အားထက်သန်စွာ ပြုလုပ်ခဲ့ပြီး အချိန်ကြာလာတာနဲ့အမျှ လျော့ရဲလာပြီး ဆက်လက်လုပ်ကိုင်ခြင်းမရှိတော့တာပဲ ဖြစ်ပါတယ်။ ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်းများကို မိမိဘဝတစ်သက်တာလုံး လုပ်ဆောင်သွားမယ်လို့သန္နိဋ္ဌာန်ချပြီး လုပ်ဆောင်ဖို့ တိုက်တွန်းရခြင်း ဖြစ်ပါတယ်။

သင့်တင့်မျှတတဲ့ ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်းတွေကို ရေရှည်စွဲမြဲစွာ လုပ်ဆောင်နိုင်ဖို့ သင့်တော်တဲ့ နည်းလမ်းတစ်ခုကတော့ မိမိရဲ့နေ့စဉ်လှုပ်ရှားသွားလာ လုပ်ကိုင်မှုတွေကို လေ့ကျင့်ခန်းအစီအစဉ်များမှာ သင့်တော်သလို ထည့်သွင်းဆောင်ရွက်ခြင်းပဲ ဖြစ်ပါတယ်။ ဥပမာအချို့ကို တင်ပြရမယ်ဆိုရင် မိမိနေအိမ်နှင့် သုံးလေးမှတ်တိုင်အကွာတွင် ဘတ်စ်ကားပေါ်မှဆင်းပြီး ကျန်လမ်းခရီးကို လမ်းလျှောက်အိမ်ပြန်ခြင်း၊ ဓာတ်လှေကားနှင့် ရွေ့လျားစက်လှေကားများအစား လှေကားများကို အသုံးပြု၍ အဆင်းအတက်ပြုလုပ်ခြင်း၊ သစ်ပင်ပန်းမန် စိုက်ပျိုးခြင်း၊ နေအိမ်ဝင်းခြံရိုး၊ ရုံးပတ်ဝန်းကျင်များကို သန့်ရှင်းရေးပြုလုပ်ခြင်းတို့ပဲ ဖြစ်ပါတယ်။

၃။ **သင့်တင့်မျှတသောအာဟာရ–**

ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်းများနည်းတူ အရေးကြီးတဲ့ နောက်တစ်ချက်ကတော့ သင့်တင့်မျှတသော အာဟာရနှင့် စားသောက်ပုံ နည်းစနစ်ပဲ ဖြစ်ပါတယ်။ ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန အာဟာရဖွံ့ဖြိုးရေးနှင့် သုတေသနဌာနမှ မြန်မာပြည်သူလူထုအတွက် ပညာပေးထားတဲ့ ကျန်းမာရေးနှင့် ညီညွတ်သော သင့်လျော်တဲ့ စားသောက်နေထိုင်မှုပုံစံနှင့်အညီ စားသောက်ဖို့ လိုပါတယ်။ အမှန်တော့ မြန်မာတို့ရဲ့ စားသောက်မှုပုံစံဟာ မှန်ကန်ပြီးဖြစ်ပါတယ်။ ထမင်းကို အဓိကထားပြီး အသားငါးဟင်းတစ်ခွက်၊ အရည်သောက်ဟင်းတစ်ခွက်၊ ငါးပိရည်တို့စရာ အသီးအရွက်များဟာ ပုံမှန်ထမင်းဝိုင်းတစ်ခုမှာ ပါလေ့ရှိတဲ့ ဟင်းအမည်တွေဖြစ်ပါတယ်။ ဟင်းတွေထဲမှာ ပဲဆီ၊ နှမ်းဆီစတဲ့ ဆီတစ်မျိုးမျိုးဟာလဲ အသင့်အတင့်ထည့်ပြီး ချက်လေ့ရှိတာကြောင့် အာဟာရအတွက် လိုအပ်တဲ့ အမျိုးအမည်တွေစုံအောင် ပါနေပါတယ်။ ထမင်းနဲ့ဆီက အင်အားဓာတ်ကို ရရှိစေပြီး အသားငါး၊ ပဲတစ်မျိုးမျိုးတို့က ကိုယ်ခန္ဓာကြီးထွားစေတဲ့ အသားဓာတ်ကို ရရှိစေပါတယ်။ ငါးပိရည်က အသားဓာတ်နဲ့ ဟင်းသီးဟင်းရွက်တွေက လိုအပ်တဲ့ ဗီတာမင်ဓာတ်တွေကိုရရှိပါတယ်။ ဒါကြောင့် ဒီဟင်းအစပ်တွေကို စားသုံးကြဖို့ လိုပါတယ်။ အစားရှောင်တဲ့ အလေ့အကျင့်များကိုလဲ ပြုပြင်ကြဖို့လိုပါတယ်။ တချို့ကျတော့လဲ အဆီ၊ အချို၊ အငန်တွေကို အလွန်အကျူးစားသုံးတာမျိုးတွေရှိပါတယ်။ ဒီအလေ့အကျင့်များကိုလဲ ပြုပြင်ကြရမှာဖြစ်ပါတယ်။ "တန်ဆေးလွန်ဘေး" ဆိုတဲ့အတိုင်း အစားအစာကို အာဟာရပြည့်ဝအောင်နဲ့ ရောဂါများမှကင်းဝေးအောင် ရွေးချယ်စားသုံးကြရပါမယ်။ ဒီနေရာမှာ အရေးကြီးတဲ့အချက်တစ်ခုကို တင်ပြလိုတာကတော့ ရေရဲ့အရေးကြီးပုံ ဖြစ်ပါတယ်။ နေ့စဉ်ရေရှစ်ဖန်ခွက်ခန့် သောက်သုံးဖို့လိုပါတယ်။ ပုံမှန်ကိုယ်လက်လှုပ်ရှား၍ လေ့ကျင့်ခန်းအစီအစဉ်တွေကို လုပ်ဆောင်နေပြီဆိုရင်တော့ ကိုးခွက်မှ တစ်ဆယ့်သုံးခွက်အထိ သောက်သုံးဖို့ လိုပါတယ်။

၄။ **လုံလောက်သောအနားယူခြင်း**

စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ အနားယူခြင်းဟာလဲ ကျန်းမာကြံ့ခိုင် ပျော်ရွှင်တဲ့ ဘဝအတွက် အရေးကြီးပါတယ်။ အားလပ်ရက်များမှာ မိသားစုအတူ အပန်းဖြေခြင်း၊ နှစ်သက်ရာ အားကစားတစ်မျိုးမျိုးကို ကစားခြင်း၊ စာဖတ်ခြင်း၊ သီချင်းနားထောင်ခြင်းတို့ဟာ စိတ်ဖိစီးမှုများကို ပြေလျော့စေပါတယ်။ ၁၀မိနစ်ခန့်လဲလျောင်းပြီး အသက်ရှူလေ့ကျင့်ခန်းများ ပြုလုပ်ခြင်းဟာလဲ ကိုယ်ရောစိတ်ပါ ပြေလျော့စေပါတယ်။ မိမိတို့ ယုံကြည်ကိုးကွယ်ရာ ဘာသာအလိုက် တရားဓမ္မအလုပ်များ လုပ်ကိုင်ခြင်းဟာလဲ ကိုယ်ရောစိတ်ပါ အပန်းပြေစေပါတယ်။ အထက်ပါ တင်ပြချက်များဖြစ်တဲ့ သင့်တင့်မျှတသော ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်းများနှင့် စားသောက်နေထိုင်မှု ပုံစံများကို လိုက်နာပြုမူကျင့်သုံးကြခြင်းဖြင့် ကျန်းမာကြံ့ခိုင်သော ဘဝကို ပိုင်ဆိုင်ရယူနိုင်မှာဖြစ်ကြောင်း တင်ပြလိုက်ရပါတယ်။ ။

တရုတ်နိုင်ငံ၌ နိုင်ငံတော်အဆင့် ထိန်းသိမ်းစောင့်ရှောက်ထားသော ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် နေရာတစ်ထောင်ကျော်တိုးလာ

ပေကျင်း ဧပြီ ၁

တရုတ်နိုင်ငံသည် နိုင်ငံတော်အဆင့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ထားသည့် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် နေရာနောက်ထပ် ၁၀၈၁နေရာ တိုးလာကြောင်း၊ စုစုပေါင်း ယဉ်ကျေးမှုအမွေအနှစ် နေရာ ၂၃၅၂နေရာရှိကြောင်း ဆင်ဟွာသတင်းတစ်ရပ်၌ ဖော်ပြသည်။

ယင်းမှာ တရုတ်အစိုးရက နိုင်ငံတစ်ဝန်းလုံးမှ ယဉ်ကျေးမှုအမွေအနှစ်နေရာများ ရွေးချယ်ခဲ့ရာ ခြောက်ကြိမ်တိုင် ရှိသွားပြီဖြစ်ကြောင်း၊ ရှေးဟောင်းယဉ်ကျေးမှုနေရာများ၊ ရှေးဟောင်းအုတ်ဂူများ၊ ရှေးဟောင်းအဆောက်အအုံများ၊ လိုဏ်ဂူနှင့် ကျောက်စာများ ပါဝင်ကြောင်း တရုတ်ယဉ်ကျေးမှုဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့က ပြောကြားသည်။

တရုတ်နိုင်ငံရှိ ရှေးဟောင်းအုတ်ဂူတစ်လုံးကို တွေ့ရစဉ်။

ကာကွယ်စောင့်ရှောက်

ယခင်က တရုတ်အစိုးရသည် ၁၉၆၁၊ ၁၉၈၂၊ ၁၉၈၈၊ ၁၉၉၆ နှင့် ၂၀၀၁ ခုနှစ်များက နိုင်ငံတော်အဆင့် ယဉ်ကျေးမှု အမွေအနှစ်နေရာများကို ကာကွယ်စောင့်ရှောက်ခဲ့ရာ နေရာပေါင်း၁၂၇၁နေရာရှိကြောင်းသိရသည်။

နေရာသတ်မှတ်

၂၀၀၄ခုနှစ်က စတင်လုပ်ဆောင်ခဲ့သော ယဉ်ကျေးမှုအမွေအနှစ် နေရာသတ်မှတ်ခဲ့ရာ ယခု ခြောက်ကြိမ်မြောက်သည် အများဆုံးအရေအတွက်ပင်ဖြစ်သည်။

မှတ်ပုံတင်

တရုတ်နိုင်ငံတစ်ဝန်း လေ့လာချက်များအရ မှတ်ပုံတင်ထားသော ရှေးဟောင်းနေရာ ၄၀၀၀၀၀ ကျော်ရှိသည်။ သို့ရာတွင် နိုင်ငံတော်အဆင့် ထိန်းသိမ်းစောင့်ရှောက်ထားသော နေရာမှာ ယခင်က ၁၂၇၁ နေရာသာရှိသည်။ အီဂျစ်နိုင်ငံတွင် ဗဟိုအစိုးရက ထိန်းသိမ်းစောင့်ရှောက်ထားသော ရှေးဟောင်းအမွေအနှစ်နေရာ ၂၀၀၀၀ ကျော်ရှိသည်။ အိန္ဒိယတွင် ယဉ်ကျေးမှု အမွေအနှစ်နေရာ ၅၀၀၀၀ခန့်ရှိပြီး ဗီယက်နမ်တွင်ယဉ်ကျေးမှုအမွေအနှစ်နေရာ ၂၈၂၃ နေရာရှိသည်။ **အမ်အင်အေ၊ဆင်ဟွာ**

နိုင်ငံတကာ သတင်းများ

အိန္ဒိယ၌ အိပ်ချ်အိုင်ဗွီဖြစ်ပွားမှု လျော့ကျ

နယူးဒေလီ ဧပြီ ၁

အိန္ဒိယနိုင်ငံတောင်ပိုင်း ဒေသများသည် အဆိုးရွားဆုံး အိပ်ချ်အိုင်ဗွီရောဂါဖြစ်ပွားခြင်းမှ လျော့ကျသွားပြီဖြစ်ကြောင်း သိရသည်။

အိန္ဒိယနှင့် ကနေဒါတို့ ပူးပေါင်းဆောင်ရွက်သော လေ့လာရေးအဖွဲ့၏ စာရင်းဇယားများအား အိပ်ချ်အိုင်ဗွီဖြစ်ပွားမှုနှုန်းလျော့ချခဲ့ကြောင်း သိရသည်။

အိပ်ချ်အိုင်ဗွီဖြစ်ပွားမှု အများဆုံးမှာ အမျိုးသမီး ကိုယ်ဝန်ဆောင်အမျိုးသမီးငယ်များနှင့် လိင်မှုဆိုင်ရာရောဂါဖြင့် ဆေးရုံတက်နေရသော အမျိုးသား လူငယ်များတွင် အဖြစ်များနေကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၌ အိပ်ချ်အိုင်ဗွီဖြစ်ပွားသူ လူငါးသန်းကျော် ရှိရာတွင် အိန္ဒိယတောင်ပိုင်းပြည်နယ်များတွင် ၇၅ရာခိုင်နှုန်းရှိကြောင်း သိရသည်။

အဆိုပါဒေသများ၏ အိပ်ချ်အိုင်ဗွီပျံ့နှံ့လာရခြင်း၏ အဓိကအကြောင်းရင်းတစ်ရပ်မှာ အမျိုးသားများက လိင်ဆက်ဆံမှုများ ပြုနေခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံသည် ၂၀၀၃ ခုနှစ်က အိပ်ချ်အိုင်ဗွီဖြစ်ပွားသူ ၅၂၀၀၀၀ ရှိရာမှ ၂၀၀၄ခုနှစ်တွင် ရောဂါအသစ်ဖြစ်ပွားသူ ၂၈၀၀၀၀သာ ရှိတော့ကြောင်း လေ့လာ ဆန်းစစ်ချက်တစ်ရပ်အရ သိရသည်။ **(အင်တာနက်)**

မိုဘိုင်းလ်ဖုန်းဈေးကွက် ယခုနှစ်တွင် ၁၅ရာခိုင်နှုန်း တိုးတက်မည်မျှော်မှန်း

ဟယ်လ်ဆင်ကီ ဧပြီ ၁

ကမ္ဘာ့မိုဘိုင်းလ်ဖုန်း အရောင်းဈေးကွက်သည် အသုံးပြုမှု များပြားလာသဖြင့် ၂၀၀၆ခုနှစ်တွင် အနည်းဆုံး ၁၅ ရာခိုင်နှုန်းတိုးတက်လာမည်ဖြစ်ကြောင်း ကမ္ဘာ့မိုဘိုင်းလ်ဖုန်း အများဆုံးထုတ်လုပ်သည့် နိုကီယာဥက္ကဋ္ဌဂျော မာအိုလ်လီလာက မတ် ၃၀ရက်က နှစ်ပတ်လည် အစည်းအဝေးတွင် ပြောကြားသည်။

အခြေခံ

ယခင်က နိုကီယာသည် ကမ္ဘာ့မိုဘိုင်းလ်ဖုန်းဈေးကွက်ကို ၂၀၀၅ခုနှစ်က ဖုန်းအလုံးရေ ၇၉၅သန်း ထုတ်လုပ်ရောင်းချရမှုကို အခြေခံလျက် ၁၀ရာခိုင်နှုန်း တိုးတက်လာမည်ဟု ခန့်မှန်းထားခဲ့သည်။

သို့ရာတွင် ယင်းပမာဏအရ ၂၀၀၆ ခုနှစ်တွင် ဖုန်းလိုအပ်ချက်များလာသဖြင့် ၁၅ရာခိုင်နှုန်း တိုးတက်လာကာ ဖုန်းအလုံးရေ ၉၁၅သန်းအထိ ရောင်းချရလိမ့်မည်ဟု ခန့်မှန်းခဲ့သည်။

ထို့အပြင် နိုကီယာက ၂၀၀၈ခုနှစ်တွင် ကမ္ဘာ့မိုဘိုင်းလ်ဖုန်း အသုံးပြုသူပေါင်း သုံးဘီလီယံ အထိရှိလာမည်ဖြစ်ကြောင်း ယင်းမှာ တရုတ်၊ အိန္ဒိယ၊ အရှေ့တောင်အာရှနှင့် အာဖရိကဈေးကွက်များ ဝယ်လိုအားကောင်းလာသဖြင့် တိုးတက်လာမည်ဖြစ်ကြောင်း ခန့်မှန်းထားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

အရောင်းဝန်ထမ်းတစ်ဦး မိုဘိုင်းလ်ဖုန်းအား ပြသနေစဉ်။

တရုတ်နိုင်ငံ ပေကျင်းမြို့တွင် ကျင်းပသည့် ကွန်ဖူးပြိုင်ပွဲတွင် အသက် (၈)နှစ်အရွယ် ကလေးငယ်တစ်ဦး၏ ကွန်ဖူးစွမ်းရည်ပြကွက်ကို မတ် ၃၀ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

နီပေါအလုပ်သမားများ နိုင်ငံခြားသို့ ထွက်ခွာနေမှုပိုမိုများပြား

ခတ္တမန္ဒူ ဧပြီ ၁

ပင်လယ်ရပ်ခြားသို့ သွားရောက် အလုပ်လုပ်ကိုင်သော နီပေါအလုပ်သမားများသည် ယခုနှစ်ဘဏ္ဍာရေးနှစ် ပထမရှစ်လတွင် ၄၉ရာခိုင်နှုန်း တိုးတက်လာကြောင်း သိရသည်။

ပို့ပေးနိုင်ခဲ့

နီပေါလူ့စွမ်းအား အေဂျင်စီများက ပထမရှစ်လအတွင်း နိုင်ငံပေါင်း၁၆နိုင်ငံသို့ နီပေါအလုပ်သမားဦးရေ ၁၂၃၃၉၃ဦးအား ပို့ပေးနိုင်ခဲ့ကြောင်း နီပေါအလုပ်သမားနှင့် အလုပ်အကိုင်ရှာဖွေရေးဦးစီးဌာနမှ စာရင်းများအရ သိရသည်။ ယင်းမှာ နေ့စဉ်ပျမ်းမျှ နီပေါအလုပ်သမား ၅၀၀ခန့် နိုင်ငံခြားတိုင်းပြည်များသို့ အလုပ်လုပ်ရန် ထွက်ခွာသွားလျက်ရှိကြောင်း သိရသည်။

ဖော်ပြ

ပြည်ပအလုပ်အကိုင် အဓိကရှာဖွေသော နိုင်ငံများမှာ မလေးရှား၊ ကာတာ၊ ဆော်ဒီအာရေဗျနှင့် ယူအေအီးတို့ဖြစ်ကြောင်း အဆိုပါ စာရင်းဇယားများက ဖော်ပြသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဂျပန်နိုင်ငံ တိုကျိုမြို့တွင်ကျင်းပသည့် အိမ်မွေးတိရစ္ဆာန်များ ဖက်ရှင်ပြပွဲ၌ ပြိုင်ပွဲဝင် ခွေးတစ်ကောင်ကို မတ် ၃၁ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အရှေ့အာရှစီးပွားရေး ခုနစ်ရာခိုင်နှုန်းကျော် တိုးတက်ရန်မျှော်မှန်း

ပေကျင်း ဧပြီ ၁

အရှေ့အာရှစီးပွားရေးသည် ၂၀၀၆ခုနှစ်တွင် ပျမ်းမျှအားဖြင့် ၇ဒသမ ၈ရာခိုင်နှုန်း တိုးတက်ရန်မျှော်လင့်ထားကြောင်း ကမ္ဘာ့ဘဏ်က ပြောကြားလိုက်သည်။

တရုတ်နိုင်ငံရှိ ရှူးဖိနပ်ထုတ်လုပ်ရေးစက်ရုံ၏ လုပ်ငန်းခွင်ကိုတွေ့ရစဉ်။

အရှေ့အာရှစီးပွားရေးသည် ၂၀၀၅ ခုနှစ်က စီးပွားရေးတိုးတက်မှုကြောင့် ကမ္ဘာတွင် ပွင့်လန်းလာသော ကုန်သွယ်ရေးစနစ်အရ ဥရောပကို ကျော်လွန်ခဲ့ကြောင်း ကမ္ဘာ့ဘဏ်က ပြောကြားသည်။

အမြင့်ဆုံး

ပစိဖိတ်ကျွန်းစီးပွားရေးမှာလည်း တိုးတက်လာသဖြင့် အငယ်စားစီးပွားရေး လုပ်ငန်းများ တည်ငြိမ်မှုလက္ခဏာကို ပြနေကြောင်းဖြင့်လည်း ကမ္ဘာ့ဘဏ်ကဆိုသည်။ ၂၅ နှစ်တာကာလအတွင်း အမြင့်ဆုံးရေနံဈေးနှုန်း မြင့်တက်ခဲ့မှုကြောင့် အတိုးနှုန်းများ မြင့်တက်လာပြီး အမေရိကန်ပြည်ထောင်စု၏ ငွေကြေးအပေါ် စိုးရိမ်မှုများနှင့် ကြက်ငှက်တုပ်ကွေးပျံ့နှံ့မှုအပေါ် ဆက်လက် စိုးရိမ်ပူပန်နေရကြောင်း ၎င်းဘဏ်က ပြောကြားသည်။

၂၀၀၅ ခုနှစ်တွင် ရေနံဈေးနှုန်းမြင့်လာပြီး တရုတ်နိုင်ငံ၏ တိုးတက်မှုနှေးကွေးသွားသည်။ ဒေသတစ်ဝန်း အဆင့်မြင့်နည်းပညာ ပို့ကုန်များလည်း တင်ပို့မှုနှေးကွေးခဲ့ရသည်။ သို့ရာတွင် ၂၀၀၅ခုနှစ် နှစ်လယ်မှစပြီး စီးပွားရေးပြန်လည် တိုးတက်လာသည်။

တိုးတက်

အရှေ့အာရှ၏ ပို့ကုန်တင်ပို့မှုသည် ယမန်နှစ်က အမေရိကန်ဒေါ်လာ နှစ်ထရီလီယံကျော်ရှိခဲ့ပြီး ယင်းမှ ဒေသစီးပွားရေးတိုးတက်မှုကို ရရှိစေခဲ့ကြောင်း အရှေ့အာရှနှင့် ပစိဖိတ်စီးပွားရေး ကျွမ်းကျင်ပညာရှင် ဟိုမီခါရက်က ပြောကြားသည်။

လျော့ကျ

ဒေသတွင်းရှိ သန်း ၅၈၀သော ပြည်သူများသည် တစ်နေ့ဝင်ငွေ အမေရိကန်ဒေါ်လာ နှစ်ဒေါ်လာ မကျော်သေးဘဲရှိကြောင်း၊ ယင်းအရေအတွက်မှာ လွန်ခဲ့သော ငါးနှစ်ကျော်က အရေအတွက်ထက် နှစ်စဉ် သန်း ၅၀စီ လျော့ကျသွားခဲ့ခြင်း ဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

နှစ်ပေါင်း ၁၇၃နှစ်က အမွေဆိုင်ရာအမှု အိန္ဒိယတရားရုံးက ပြန်လည်စစ်ဆေးမည်

ကာလကတ္တား ဧပြီ ၁

အိန္ဒိယနိုင်ငံ ကာလကတ္တားမြို့ အရှေ့ပိုင်း၌ လွန်ခဲ့သောနှစ်ပေါင်း ၁၇၃နှစ်က အမွေခွဲဝေမှုဆိုင်ရာ အမှုတစ်ခုကို အိန္ဒိယတရားရုံးတစ်ခုက ပြန်လည်စစ်ဆေးပြီး စီရင်ချက်ချရန် စဉ်းစားခဲ့ကြောင်း၊ ယင်းအမှုမှာ အိန္ဒိယနိုင်ငံ၏ သက်တမ်းအရှည်ဆုံး အမှုဖြစ်ကြောင်း ၎င်းမြို့သည် ဗြိတိသျှကိုလိုနီအုပ်ချုပ်ခဲ့သည့် စီးပွားရေးနှင့် အုပ်ချုပ်ရေးမြို့ဖြစ်ကြောင်း သိရသည်။

အိန္ဒိယတရားရုံး တရားသူကြီးက အဆိုပါမြို့မြောက်ပိုင်းရှိ မြေယာဧကထောင်ပေါင်းများစွာနှင့် သမိုင်းဆိုင်ရာအဆောက်အအုံများစွာ ပိုင်ဆိုင်လိုမှုများ တရားရုံးသို့ လျှောက်ထားလာမှုကို အမိန့်ချမှတ်ခဲ့သည်။

တားမြစ်

အဆိုပါမြို့ကို ၁၈ ရာစုခေတ်က ဗြိတိသျှအုပ်ချုပ်ရေးမှူး ရောဘတ်ကလစ် အုပ်ချုပ်ခဲ့စဉ်က မြို့မြောက်ပိုင်းဒေသရှိ မြေယာဧကထောင်ပေါင်းများစွာနှင့် သမိုင်းဆိုင်ရာအဆောက်အအုံများကို ရာဂျာနာဘာခရစ်ရှနားဒက်ဘ်ပိုင်ဆိုင်ခဲ့သည်ဟု ဆိုသည်။ ဒက်ဘ်နှင့် ၎င်း၏သား သေဆုံးခဲ့ပြီးနောက် ပိုင်ဆိုင်မှုများကို မိသားစုဝင်များအကြား အမွေခွဲဝေပေးပြီးအဆောက်အအုံများကို ရောင်းချခြင်း မပြုရန် တားမြစ်ရာမှ အမှုဖြစ်ပွားခဲ့သည်။

လျှောက်ထား

ယင်းအမှုနှင့်စပ်လျဉ်းပြီး ၁၈၃၃ ခုနှစ်က ပထမဆုံးအကြိမ်တရားရုံးသို့ ရောက်ရှိလာသည်။ ၎င်း၏သား သေတမ်းစာအတည်ပြုသူ ကီစတိုဆာခါက သေတမ်းစာအရ အဆိုပါအဆောက်အအုံများကို ရောင်းချခြင်းမပြုရန် တရားရုံးသို့ လျှောက်ထားခဲ့သည်။

နှစ်ပေါင်း ၂၂ နှစ် ကြာအောင် ယင်းအမှုကို တွေးဆချင့်ချိန်ခဲ့ပြီးနောက် အမှုကိုရွှေ့ဆိုင်းထားခဲ့သည်ဟုဆိုသည်။ **(အင်တာနက်)**

ရေယာဉ်နစ်မြုပ်ရာနေရာ၌ ကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်နေစဉ်။
(ဓာတ်ပုံ-အင်တာနက်)



ကမ္ဘာ့တစ်လွှား ထူးထူးခြားခြား

ကမ္ဘာ့အကြီးဆုံး ဂစ်တာ

ကမ္ဘာ့အကြီးဆုံး ဂစ်တာအဖြစ် ဂင်းနက်စ် မှတ်တမ်းဝင်ခဲ့သော ဂစ်တာကို တွေ့ရစဉ်။ (ယာပုံ)

အမေရိကန်နိုင်ငံ တက္ကဆက် ပြည်နယ်ရှိ သိပ္ပံနှင့်နည်းပညာ ကျောင်းမှ စကော့ရစ်ပီတိုး ဦးဆောင်သောအဖွဲ့သည် အရှည် ၄၃ပေရှိ သော ဂစ်တာ ကြီးကို ရှစ်လကြာမျှ ပြုလုပ်ခဲ့ရသည်။ ယင်းဂစ်တာကြီးကို ဂင်းနက်စ် မှတ်တမ်းအဖွဲ့၏ ကမ္ဘာ့အကြီးဆုံးဂစ်တာကြီးအဖြစ် အသိအမှတ်ပြုခံခဲ့ရသည်။ **(အင်တာနက်)**



ဆေးပုလင်း ဆင်ရုပ်

ဆေးပုလင်းအခွံများဖြင့် ပြုလုပ်ထားသော ဆင်ရုပ်ကို တွေ့ရစဉ်။ (အောက်ပုံ)

တရုတ်နိုင်ငံအလယ်ပိုင်း ဟီနန်ပြည်နယ်ရှိ ပန်းခြံတစ်ခုတွင် ဆေးပုလင်းအခွံ ထောင်ပေါင်းများစွာကို အသုံးပြု၍ ဆင်ရုပ်ကြီးကို ပြုလုပ်ဖန်တီးထားရာ ပန်းခြံလာ ဧည့်ပရိသတ်များ၏ စိတ်ဝင်စားမှုကို ရရှိခဲ့သည်။ **(အင်တာနက်)**

ဘာရိန်း ကူးတို့ရေယာဉ်နစ်မြုပ်

ဒူဘိုင်း ဧပြီ ၁

ဘာရိန်း ကမ်းလွန်ပင်လယ်ရှိ ကျွဲးမြောင်းသည့် ရေလက်ကြားတစ်ခုတွင် မတ် ၃၀ ရက်ညက ခရီးသည် ၁၃၅ ဦးခန့် လိုက်ပါလာသည့် ကုမ္ပဏီတစ်ခု ၏ အပျော်စီး ကူးတို့ရေယာဉ်တစ်စင်း တိမ်းမှောက်ပြီး နစ်မြုပ်ခဲ့ရာ ခရီးသည် အနည်းဆုံး ၆၃ ဦးကို ကယ်ဆယ်နိုင်ခဲ့ပြီး အခြားအလောင်း ၅၁ လောင်းကို တွေ့ရှိခဲ့ကြောင်း အရာရှိများက ပြောကြားသည်။ နိုင်ငံသားမည်မျှပါရှိသည်ကို အသေအချာ မသိရှိရသေးကြောင်း၊ ည ၉ နာရီမိနစ် ၃၀ ခန့်က နစ်မြုပ်ခဲ့သည့် ယင်းကိစ္စနှင့် ပတ်သက်၍ စုံစမ်းစစ် ဆေးရဦးမည်ဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ပြောရေးဆိုခွင့်ရှိသူ တာရစ်ဟက်ဆန်က ပြောကြားသည်။

နည်းပညာ

ရေယာဉ်မှာ တိုက်ခိုက်ခံရသည့် လက္ခဏာ မရှိကြောင်း၊ နည်းပညာပြဿနာကြောင့်သာလျှင်ဖြစ်နိုင်ကြောင်း ဘာရိန်းအရာရှိများက ပြောကြားသည်။

ခရီးသည်များ

ခရီးသည်များတွင် ဗြိတိန်နိုင်ငံသား ၂၅ ဦး၊ တောင်အာဖရိက နိုင်ငံသား ၁၀ ဦး၊ ဖိလစ်ပိုင် ၂၀ ဦး၊ အိဂျစ် ၁၀ဦးနှင့်ဘာရိန်း ၁၀ ဦးတို့ပါဝင်ကြောင်း ပြန်ကြားရေးဝန်ကြီး မူဟာမက်အဗ္ဗဒူဂါဖာက ပြောကြားသည်။

ခရီးသည်များမှာ ယင်းကုမ္ပဏီမှ အလုပ်သမားချည်းဖြစ်ကြကြောင်း၊ အဆိုပါကုမ္ပဏီသည် ဘာရိန်းအခြေစိုက် ကုမ္ပဏီတစ်ခုဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ **(အင်တာနက်)**

ကမ္ဘောဒီးယားနိုင်ငံ၌ ကြက်ငှက်တုပ်ကွေးရောဂါဖြင့် ဘဲတစ်ကောင်သေဆုံး

ဖနောင်ပင် ဧပြီ ၁

လွန်ခဲ့သော ရက်သတ္တနှစ်ပတ်က ဗီယက်နမ်နှင့် နယ်စပ်ကမ္ဘောဒီးယားနိုင်ငံတွင် သေဆုံးနေသောဘဲတစ်ကောင်၌ H_5N_1 ရောဂါပိုးတွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးက မတ် ၃၀ ရက်က ပြောကြားသည်။

ယင်းရောဂါ ဖြစ်ပွားခဲ့သော တောင်ပိုင်း ကမ်ပေါ့ပြည်နယ်၏ နှစ်မိုင်ပတ်လည်ရှိ ဘဲအကောင် ၁၀၀ ကျော်နှင့် ကြက် ၅၉ ကောင်ကျော်ကို သုတ်သင်ပစ်ခဲ့သည်။ ယင်းပြည်နယ်တွင် ပြီးခဲ့သောနှစ်က H_5N_1 ရောဂါဖြင့် လူနှစ်ဦး သေဆုံးခဲ့ရသည်။

ယင်းဗိုင်းရပ်စ်ပိုးသည် လူသန်းပေါင်းများစွာသေစေနိုင်သော ကူးစက်ရောဂါအဖြစ် ခြောက်လှန့်လာခဲ့သည်။
အမ်အင်အေ၊ရိုက်တာ

ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင် သာဂရ(ကျွန်း)သစ်ဆိပ်စစ်ဆေး လူထုဖြန့်ရန်လာမည့်နှစ်၌ အခြားသစ်များ ပိုမိုထုတ်လုပ်ရေးမှာကြား

ရန်ကုန် ဧပြီ ၁

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင်သည် မတ် ၃၁ ရက် နံနက်ပိုင်းတွင် ရေတာရှည်မြို့နယ် တောင်ငူ(မြောက်)သစ်ထုတ်ရေးဒေသ သာဂရ(ကျွန်း)သစ်ဆိပ်သို့ သွားရောက်ပြီး သစ်ခိုးထုတ်နေမှုများ ပပျောက်စေရေး၊ လူထုဖြန့်ရန်အတွက် လာမည့်နှစ်တွင် အခြားသစ်များ ပိုမိုထုတ်ရန်မှာကြားပြီး သစ်ဆိပ်အတွင်း သစ်များကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ရေတာရှည်မြို့နယ် ၂၀၀၄-၂၀၀၅ခုနှစ် ကျွန်းအထူးစိုက်ခင်း ဧက ၅၀၀သို့ ရောက်ရှိလာပြီး ၂၀၀၅-၂၀၀၆ခုနှစ် သီးခြားကျွန်းစိုက်ခင်းဧက၉၀၀ဖြစ်ထွန်းအောင်မြင်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့်ဝန်ကြီးနှင့်အဖွဲ့သည် စံပြသစ်တောကျေးရွာ အမှတ်(၁)ရှိ အခြေခံပညာမူလတန်းကျောင်းသို့ ရောက်ရှိပြီး ဝန်ကြီးက ရပ်ရွာအတွက် ဆပ်ပြာနှင့် ဖယောင်းတိုင်များ၊ အခြေခံပညာမူလတန်းကျောင်းအတွက် ဗလာစာအုပ်နှင့် ခဲတံများပေးအပ်လှူဒါန်းပြီး ယဉ်ကျေးမှုသင်တန်းပို့ချနေမှုကို ကြည့်ရှုစစ်ဆေးသည်။ စံပြသစ်တောကျေးရွာမှာ သစ်တောစိုက်ခင်းများ အောင်မြင်စေရေးအတွက် တောင်ယာလုပ်ကိုင်သူများကို စုစည်း၍ ကျေးရွာတည်ထောင်ပေးထားခြင်းဖြစ်ပြီး လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးများ ပြည့်စုံအောင် ဆောင်ရွက်ထားသည်။

ဆက်လက်ပြီး ဝန်ကြီးသည် သစ်တောရွာ ရွာဦးကျောင်း ဆရာတော်အား ဖူးမြော်ပြီး လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းသည်။

ဆင်များလေ့ကျင့်သင်ကြား

ဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် ရေတာရှည်မြို့နယ် ဖိုးကျားဆင်စခန်းသို့ရောက်ရှိရာ Asia Green Travels and Tours Co., Ltd.မှ မန်နေဂျင်းဒါရိုက်တာ ဦးမင်းလတ်က နိုင်ငံခြားသားများ ဆင်စခန်းလာရောက်မှု၊ ဆင်များကို သင်ကြားပေးထားမှု၊ ကြော်ငြာရိုက်ကူးထားရှိမှုတို့ကို ရုပ်မြင်သံကြားဖြင့် ရှင်းလင်းတင်ပြရာ ဝန်ကြီးက နိုင်ငံတကာအဆင့်မီ အပန်းဖြေစခန်းဖြစ်အောင် ဆောင်ရွက်ရေးနှင့် ဆင်များကို လေ့ကျင့်သင်ကြားမှုပိုမိုပြုလုပ်ပေးရန် မှာကြားပြီး တည်းခိုခန်းများကို ကြည့်ရှုစစ်ဆေးသည်။

ကျွန်းပျိုးပင်

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ရေတာရှည်မြို့နယ် စိုင်းရ အမြဲတမ်းပျိုးဥယျာဉ်သို့ရောက်ရှိပြီး ယခုနှစ်မိုးရာသီတွင် စိုက်ပျိုးရန်ပျိုးထောင်ထားသော ကျွန်းပျိုးပင်များ၊ သစ်မာပျိုးပင်များကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

အထပ်သားစက်ရုံ

ဆက်လက်ပြီး ဝန်ကြီးနှင့်အဖွဲ့သည် ရေတာရှည်မြို့နယ် ဆွာမြို့ရှိ MKTI အထပ်သားစက်ရုံသို့ သွားရောက်ပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကာ စက်ရုံအတွင်း အင်၊ ကညင်သစ်များကို သစ်ပါးလွှာနေမှု၊ အထပ်သားထုတ်လုပ်နေမှုနှင့် ပြည်ပတင်ပို့ရန် အထပ်သားများထုပ်ပိုးထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၂-၄-၂၀၀၆ရက်
(တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀	၁။	ကျေးဇူးရှင် မင်းကွန်း ဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇:၅၅	၅။	ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
၈:၀၅	၆။	အဆိုပြိုင်ပွဲ
၈:၁၅	၇။	ဖောင်းကတောရေလှောင်တမံ
၈:၂၀	၈။	ခါသကြိ်န်အဆိုအကများ
၈:၃၀	၉။	International News
၈:၄၅	၁၀။	Say it in English
၉:၀၀	၁၁။	အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀	၁။	စစ်သည်တေး
၁၁:၁၀	၂။	တေးဂီတအစီအစဉ်
၁၁:၂၅	၃။	တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁:၄၀	၄။	နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ "Doraemon"
၁၂:၀၅	၅။	ဆက်သွယ်ဆင့်ပွား ကျွန်းတောတံတား
၁၂:၁၅	၆။	မြန်မာဗီဒီယိုဇာတ်လမ်း **"ကြောင်ကလေးကိုချစ်တဲ့ ကောင်လေး"** မင်းမော်ကွန်း၊ နန္ဒာလှိုင် (ဒါရိုက်တာ-စိုးကျော်ဆန်း)
၁၄:၀၀	၇။	အဆိုပြိုင်ပွဲ
၁၄:၁၀	၈။	အတီးပြိုင်ပွဲ
၁၄:၃၀	၉။	**"စည်းကမ်းလိုက်နာ ဘေးကင်းမှာ"** ကျော်ရဲအောင်၊ ချစ်သူ၊ ဇော်ဝင်းမောင်၊ မော့စ်၊ လင်းဇာနည်ဇော်၊ ပွင့် [ဒါရိုက်တာ-ခင်ဇော်၊ မြင့်စိုး(ဝ/သ-ရန်ကုန်)]
၁၄:၄၅	၁၀။	International News
၁၅:၀၀	၁၁။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	English for Everyday Use
၁၆:၄၅	၄။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ်(ရူပဗေဒအထူးပြု) [ရူပဗေဒ]
၁၇:၀၀	၅။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအကများ
၁၇:၁၅	၆။	တေးဂီတအစီအစဉ်
၁၇:၃၀	၇။	ဆိုကြမယ်၊ ပျော်ကြမယ်
၁၈:၀၀	၈။	ညနေခင်းသတင်း
၁၈:၃၀	၉။	မိုးလေဝသအခြေအနေ
၁၈:၃၅	၁၀။	Discovery
၁၈:၅၀	၁၁။	ခါသကြိ်န်အဆိုအကများ
၁၉:၀၀	၁၂။	စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား
၁၉:၀၅	၁၃။	နိုင်ငံခြားဇာတ်လမ်းတွဲ **"ကံကောင်းခြင်းအိပ်မက်"** (အပိုင်း-၄)
၂၀:၀၀	၁၄။	ပြည်တွင်းသတင်း
	၁၅။	နိုင်ငံတကာသတင်းများ
	၁၆။	မိုးလေဝသအခြေအနေ
	၁၇။	နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်မိပြီဆိုရင်"**(အပိုင်း-၃၆)

ဆွေးနွေးဟောပြော

ကမာရွတ်မြို့နယ် မှုခင်းကျဆင်းရေး ဟောပြောပွဲကို မတ် ၃၀ရက်က အမှတ် (၄) ရပ်ကွက်တွင် ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးစိုးမြင့်က ဆွေးနွေးဟောပြောစဉ်။

(၃၄၉)

အင်တာနက် သတင်းနှင့် ဓာတ်ပုံများ

ကမ္ဘာ့အမြင့်ဆုံးမျှော်စင် တိုကျို၌တည်ဆောက်မည်

ဂျပန်နိုင်ငံ တိုကျိုမြို့၌ ကမ္ဘာ့အရှည်ဆုံးမျှော်စင်ကြီးတစ်ခုကို တည်ဆောက်မည်ဖြစ်ရာ ယင်းကမ္ဘာ့အမြင့်ဆုံးမျှော်စင်ကြီး၏ ပုံကိုပန်းချီဆရာက ရေးဆွဲတင်ပြထားခြင်းဖြစ်သည်။

ရည်ရွယ်တည်ဆောက်

ယင်းကမ္ဘာ့အရှည်ဆုံး မျှော်စင်ကြီးသည် အမြင့်မီတာ ၆၁၀ရှိမည်ဟု သိရသည်။ ၎င်းကို ဒီဂျစ်တယ် ရုပ်မြင်သံကြားထုတ်လွှင့်မှုနှင့် ခရီးသွားလုပ်ငန်းမြှင့်တင်ရန်အတွက် ရည်ရွယ်လျက် တည်ဆောက်ခြင်းဖြစ်ကြောင်း သိရသည်။

၂၀၁၂ ခုနှစ်ပြီးစီးမည်

အဆိုပါ ကမ္ဘာ့အမြင့်ဆုံးမျှော်စင်ကြီးတည်ဆောက်ရန်အတွက် ဒေါ်လာ ၄၂၅သန်းကုန်ကျမည်ဖြစ်ပြီး ၂၀၀၉ ခုနှစ် မတ်လတွင် စတင်တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းကို တိုကျိုမြို့ တိုဘူမီးရထားဝင်းအတွင်း၌တည်ဆောက်မည်ဖြစ်ပြီး ၂၀၁၂ခုနှစ်တွင်ပြီးစီးမည်ဟုခန့်မှန်းထားကြောင်း သိရသည်။ **(အင်တာနက်)**

ကမ္ဘာ့ပထမဆုံး ပင်လယ်လှိုင်းအသုံးပြု လျှပ်စစ်ဓာတ်အား အီတလီနိုင်ငံ၌ အောင်မြင်စွာ စမ်းသပ်ထုတ်လုပ်

ရောမ ဧပြီ ၁

ပင်လယ်ရေလှိုင်းများ ရိုက်ခတ်ခြင်းဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းကို အီတလီနိုင်ငံက ကမ္ဘာပေါ်တွင် ပထမဆုံးပြုလုပ်ရန်စီစဉ်ထားကြောင်း အီတလီသတင်းဌာန အင်ဆာက မတ် ၃၀ ရက်၌ ထုတ်လွှင့်ခဲ့သည်။

စမ်းသပ်

လျှပ်စစ်ဓာတ်အား ကီလိုဝပ် ၄၀ ထုတ်လုပ်ပေးနိုင်မည့် ရေလက်ကြားရေလှိုင်းများရှိရာ အီတလီနိုင်ငံ စစ္စလီဒေသ မက်ဆီနာမြို့တောင်ပိုင်း၌ ယင်းရေလှိုင်းမှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းကို အောင်မြင်စွာ စမ်းသပ်နိုင်ပြီဖြစ်ကြောင်း သိရသည်။

အောင်မြင်မှု

ယင်းပင်လယ်ရေလှိုင်းမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရန်အတွက် အီတလီကုမ္ပဏီ အာချီမီဒီက တာဘိုင်စက်သုံးလုံး ထုတ်လုပ်ပေးထားသည်။

ယင်းစီမံကိန်းသည် အီတလီနိုင်ငံအတွက် အောင်မြင်မှုတစ်ရပ်ကို ဂုဏ်ယူစရာပင်ဖြစ်ပြီး ပင်လယ်ရေလှိုင်းမှ မက်ဆီနာမြို့ကို ပထမဆုံးလျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ခဲ့၍ ပျော်ရွှင်မိကြောင်း အာချီမီဒီကုမ္ပဏီဥက္ကဋ္ဌ အယ်လ်လိုမက်တာစီနာက ပြောကြားသည်။ **(အင်တာနက်)**

ကိုရီးယားသရုပ်ဆောင် ကင်မ်ဟီဆွန်း ပြင်သစ် ကိန်းစ်ရုပ်ရှင်ပွဲတော် တက်ရောက်မည်

တောင်ကိုရီးယားရုပ်ရှင်သရုပ်ဆောင် ကင်မ်ဟီဆွန်း (လီဟန်နီ)သည် လာမည့်မေလတွင် ပြင်သစ်နိုင်ငံ၌ ကျင်းပမည့် ကိန်းစ်ရုပ်ရှင်ပွဲတော်သို့တက်ရောက်ရန် ဖိတ်ကြားခြင်းခံရသဖြင့် ပြင်သစ်နိုင်ငံသို့ ခရီးထွက်ခွာမည်ဖြစ်ကြောင်း ကင်မ်ဟီဆွန်း (လီဟန်နီ)၏ ကိုယ်စားလှယ် တစ်ဦးက ပြောကြားသည်။

စိတ်ဝင်စားမှု

လီဟန်နီသည် ပြင်သစ်နိုင်ငံသို့ မေ၁၆ရက်တွင် ထွက်ခွာမည်ဖြစ်ပြီး သူမပါဝင်သရုပ်ဆောင်ထားသည့် The Mythရုပ်ရှင်ဇာတ်ကားကို ပရိသတ်စိတ်ဝင်စားမှု ပိုမိုရှိလာစေရေး လှုပ်ရှားမှုတစ်ရပ်အဖြစ်လည်း ရည်ရွယ်ကြောင်း သိရသည်။

ဂျက်ကီချန်း

ကိန်းစ်ရုပ်ရှင်ပွဲတော်သို့တက်ရောက်ရန် လီဟန်နီနှင့်အတူ ဖိတ်ကြားခြင်းခံရသူမှာ ဟောင်ကောင်ရုပ်ရှင်သရုပ်ဆောင် ဂျက်ကီချန်းဖြစ်သည်။ ကမ္ဘာ့ ရုပ်ရှင်ပွဲတော်များ၌

ဆင်နွှဲရမှုမှာကြီးမားသည့်အခွင့်အရေးတစ်ရပ်ပင်ဖြစ်ကြောင်း ဂျက်ကီချန်း၏ ကိုယ်စားလှယ်တစ်ဦးက ပြောကြားသည်။

စီစဉ်ထား

ကင်မ်ဟီဆွန်း (လီဟန်နီ)သည် နိုင်ငံတကာရုပ်ရှင်ပွဲတော်များ၊ အာရှရုပ်ရှင်ပွဲတော်များနှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲတစ်ရပ်ကိုလည်း တက်ရောက်ရန် စီစဉ်ထားကြောင်း သိရသည်။ **(အင်တာနက်)**

အမှတ်(၁)စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးအောင်သောင်း ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးခရိုင် ပင်လောင်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ပင်လောင်းမြို့နယ်၊ နောင်တရားမြို့နယ်နှင့် ဖယ်ခုံမြို့နယ်များရှိ ဌာနဆိုင်ရာများ၊ ဒေသခံများနှင့်တောင်သူများအား အမှာစကားပြောကြားစဉ်။

(စက်မှု-၁)

❒ *ကျောဖုံးမှ*

ယင်းသို့ တွေ့ဆုံရာတွင် ရှေးဦးစွာ တိုင်းမှူးဗိုလ်ချုပ်ရဲမြင့်က ဒေသထွက်ကုန်သီးနှံများ ဒေသတစ်ခုမှ တစ်ခုသို့ ပို့ဆောင်ရာ၌ လျင်မြန်၊ မြန်ဆန်ရေးအတွက် လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့ရေးကိစ္စများအား ဆောင်ရွက်နေကြောင်း၊ ဒေသခံပြည်သူများအနေဖြင့် ဒေသထွက်ကုန်ပစ္စည်းများ တိုးမြင့်စိုက်ပျိုးသွားကြရန်နှင့် လမ်းပန်းဆက်သွယ်မှုကောင်းမွန်လာသည်နှင့်အမျှ ပြည်နယ်နှင့်တိုင်းများ ကွာဟမှု ကျဉ်းမြောင်းလာပြီး စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးကိစ္စများပါ တိုးတက်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

အရှိန်အဟုန်မြှင့်

ထို့နောက် ဝန်ကြီးဦးအောင်သောင်းက နိုင်ငံတော်အနေဖြင့် ပြည်သူများ၏ စီးပွားရေးနှင့် လူနေမှုဘဝများမြင့်မားတိုးတက်စေရန် အစဉ်ဆောင်ရွက်ပေးနေကြောင်း၊ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး၊ ကုန်စည် စီးဆင်းမှုလျင်မြန်၊ မြန်ဆန်ရေး၊ ဒေသခံပြည်သူများ၏ လူနေမှုဘဝ တိုးတက်စေရေး စသည်တို့အတွက် အခြေခံကောင်းများ တည်ဆောက်ပေးလျက်ရှိကြောင်း၊ မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံပြီး အခြားသော စီးပွားရေးလုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်စေရန် အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း။

သို့ဖြစ်၍ ဒေသနေပြည်သူများသည် ဒေသထွက် စားကုန်သီးနှံများကို တိုးတက်စိုက်ပျိုးကြပြီး ပိုလျှံသောသီးနှံများကို မိမိပြည်နယ်မှ အခြားပြည်နယ်နှင့်တိုင်းများသို့ ပံ့မှန်ဖြန့်ဖြူးသွားကြရန် တိုက်တွန်းပါကြောင်း၊ မိမိတို့ဘက်ကလည်း လမ်းပန်း ဆက်သွယ်မှု လုံခြုံချောမွေ့ရေး အတွက် ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း စသည်ဖြင့် အကျယ်တဝင့် ဆွေးနွေးမှာကြားသည်။

ထုတ်လုပ်ဖြန့်ဖြူး

ထို့နောက် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ မန်နေဂျာ ဦးကျော်သန်း၊ပင်လောင်းမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဦးစောလှဦးတို့က ဒေသထွက်ကုန်သီးနှံများ စိုက်ပျိုးထုတ်လုပ်ဖြန့်ဖြူးသွားမည့် အခြေအနေများကို အသီးသီးတင်ပြကြသည်။

ဆက်လက်၍ ဒေါင်းညီနောင် လက်ဖက်ခြောက် ကုန်ခြောက်ပွဲရုံမှ ဦးခွန်မောင်သောင်း၊ ဆောင်းပြောင်းကျေးရွာမှ သီးနှံကုန်သည် ဦးတင့်ခိုင်၊ လက်ဖက်ခြောက်ပွဲရုံပိုင်ရှင် ဦးသန်းမောင်နှင့် ဒေါ်ခင်စိုးယု၊ ပင်လောင်းဆန်စက်လုပ်ငန်းရှင် ဦးထွန်းလှိုင်တို့က ဒေသထွက်သီးနှံများစိုက်ပျိုးမှု၊သိုလှောင်မှုနှင့် ဖြန့်ဖြူးမှုအခြေအနေများကို အသီးသီးတင်ပြကြရာ တိုင်းမှူးနှင့် ဝန်ကြီးတို့ကလိုအပ်ချက်များကိုဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဝန်ကြီးဦးအောင်သောင်းက နိဂုံးချုပ်အမှာစကားပြောကြားသည်။

ရှင်းလင်းတင်ပြ

မွန်းလွဲပိုင်း၌ တိုင်းမှူး၊ဝန်ကြီးတို့သည် ပင်လောင်းမြို့မှ တစ်မိုင်ငါးဖာလုံအကွာ တုံဟုံး-ပင်လောင်းလမ်းသစ် လမ်းအူကြောင်းဖောက်လုပ်ရေးစခန်းသို့ ရောက်ရှိလာရာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ပြည်နယ်အင်ဂျင်နီယာမှူးကြီး ဦးကျော်ငွေးက တုံဟုံး-လွိုင်လင်လမ်း၊ တုံဟုံးတံတားထိပ်မှ အစပြု၍ ပင်လောင်းမြို့သို့တိုက်ရိုက်ဖြတ်ထွက်ရန်ရှာဖွေထားသောလမ်းအူကြောင်းနှင့်ပတ်သက်၍ အညွှန်းမြေပုံများဖြင့်ရှင်းလင်းတင်ပြသည်။ တုံဟုံး-ပင်လောင်းလမ်းသစ် လမ်းအူကြောင်းရှာဖွေခြင်းနှင့်စပ်လျဉ်း၍ တုံဟုံး-လွိုင်မွန်းလမ်း၊ နန့်ပန်-တုံဟုံး-စကား-လွိုင်ကော်လမ်းနှင့် နောင်တရား-တုံဟုံး-ကျောက်တစ်လုံးကြီး လမ်းဆုံရာဖြစ်သော တုံဟုံးတံတားထိပ်မှ အစပြု၍ ပင်လောင်းမြို့သို့ဖြတ်ထွက်ရန်ရှာဖွေထားသော လမ်းအူကြောင်းဖြစ်သည်။ အဆိုပါ လမ်းဖောက်လုပ်ပြီးစီးပါက လမ်းပန်းဆက်သွယ်မှုကောင်းမွန်လာမည်ဖြစ်သဖြင့် ဒေသနေပြည်သူများ၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးကဏ္ဍများ၌ပို၍ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

တိုင်းမှူး၊ ဝန်ကြီးတို့သည် ညနေ ၃နာရီတွင် ပင်လောင်းမြို့နယ် နောင်တရားကျေးရွာအနီး တည်ဆောက်လျက်ရှိသော နဂါးဘိလပ်မြေစက်ရုံစီမံကိန်းသို့ ရောက်ရှိပြီး စက်ရုံတည်ဆောက်မှုလုပ်ငန်းများကိုလည်းကောင်း၊ ပြည်ပမှစက်များရောက်ရှိမှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုပြီး စက်ရုံအမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်ပြီး ထုတ်လုပ်မှု လုပ်ငန်းများကို အကောင်အထည်ဖော်သွားရေးမှာကြားသည်။

ကျောက်နမူနာကြည့်ရှု

ထို့နောက် တိုင်းမှူးနှင့်ဝန်ကြီးတို့သည် စက်ရုံရှင်းလင်းဆောင်၌ ဘိလပ်မြေစက်ရုံ၌သုံးသောသံကျောက်များ၊ ရွှံ့စေး၊ သဲကျောက်၊ ထုံးကျောက်၊ ဂေါ်ဒန်ကျောက်နမူနာများကို ကြည့်ရှုသည်။

ယင်းနောက် ကုမ္ပဏီဥက္ကဋ္ဌ ဦးနေဝင်းထွန်း၊ စီမံကိန်းမန်နေဂျာ ဦးကျော်လွင်တို့က စက်ရုံ အကောင်အထည်ဖော်ပြီးစီးမှု အခြေအနေများကို တင်ပြကြရာ တိုင်းမှူးနှင့် ဝန်ကြီးတို့ကလိုအပ်ချက်များမှာကြားသည်။

တိုင်းမှူး၊ ဝန်ကြီးတို့သည် ညနေပိုင်းတွင် အောင်ပန်းမြို့ အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်း အစည်းအဝေးခန်းမ၌ ကလော၊ ပင်းတယ၊ ရွာငံ၊ ရပ်စောက်၊ ညောင်ရွှေမြို့နယ်တို့မှ ဒေသခံတောင်သူများ၊ ဌာနဆိုင်ရာများနှင့် တွေ့ဆုံသည်။

ပံ့ပိုးပေး

ရှေးဦးစွာ တိုင်းမှူး၊ ဝန်ကြီးတို့က ရှမ်းပြည်နယ်မှ တင်ပို့သည့်ထွက်ကုန်ပစ္စည်းများနှင့်စပ်လျဉ်း၍ ဖြန့်ဖြူးမှုအပိုင်းတွင် ပံ့ပိုးပေးနိုင်မည့်အခြေအနေများကို မှာကြားသည်။

ယင်းနောက် တက်ရောက်လာကြသော ဒေသခံတောင်သူများက သီးနှံစိုက်ပျိုးဖြန့်ဖြူးမှုအခြေအနေများကို တင်ပြကြရာ တိုင်းမှူးနှင့် ဝန်ကြီးတို့က လိုအပ်ချက်များအား ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဝန်ကြီးဦးအောင်သောင်းက နိဂုံးချုပ်အမှာစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်၉၄(သုံးလွှာ) ၈၂လမ်း ကန်တော်လေးနေ မြို့နယ်စာပေနှင့် စာနယ်ဇင်း အဖွဲ့ဥက္ကဋ္ဌ ဦးစိုးဝင်း (တက္ကသိုလ်စိုးယဉ်) မိသားစုက ဇနီးဒေါ်ငွေရင်(စာရေးဆရာမမလေးယဉ်)အား ရည်စူး၍ ကျပ်တစ်သိန်း ခြောက်သောင်းတန် အောက်စီဂျင် ဆလင်ဒါ တစ်စုံနှင့် ချို့တဲ့သောလူနာများအတွက် ငွေကျပ်တစ်သောင်းကို သဃ်န်းကျွန်း စံပြဆေးရုံ ဆေးရုံအုပ်ကြီးဒေါက်တာဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။

(က-ပ)

နိုင်ငံခြားရေးဒုတိယဝန်ကြီး ဦးမောင်မြင့် ဘင်္ဂလားဒေ့ရှ်-တရုတ်-အိန္ဒိယ-မြန်မာ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအစည်းအဝေး တက်ရောက်ခဲ့

ရန်ကုန် ဧပြီ ၁

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့၌ မတ် ၃၀ ရက်နှင့် ၃၁ ရက်တို့တွင် ကျင်းပခဲ့သည့် ဆဋ္ဌမအကြိမ်မြောက် ဘင်္ဂလားဒေ့ရှ် - တရုတ် - အိန္ဒိယ - မြန်မာ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီးနောက် ယနေ့ နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည် ရောက်ရှိလာကြသည်။

ကြိုဆိုနှုတ်ဆက်

ဒုတိယဝန်ကြီး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယ သမ္မတနိုင်ငံ သံရုံး သံရုံးယာယီတာဝန်ခံ မစ္စတာ မန်နော့ချ် ကူးမားဗဟာသီ တို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆို နှုတ်ဆက်ကြသည်။

တွေ့ဆုံဆွေးနွေး

ဒုတိယဝန်ကြီး ဦးမောင်မြင့်သည် နယူးဒေလီမြို့၌ရှိနေစဉ်အတွင်း အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာ ဝန်ကြီးဌာန အတွင်းဝန် မစ္စတာရာဂျစ်၊ ဆီကရီနှင့်လည်းကောင်း၊ သမုဒ္ဒရာဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန အတွင်းဝန် မစ္စတာ ပီ၊အက်စ်၊ ဂိုအယ်လ်နှင့်လည်းကောင်း တွေ့ဆုံ၍ နှစ်နိုင်ငံ အကျိုးတူကိစ္စများ ဆွေးနွေးခဲ့သည်။

လိုက်ပါလာ

မြန်မာကိုယ်စားလှယ် အဖွဲ့ဝင်များဖြစ်ကြသည့် အမျိုးသား စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဇော၊ နိုင်ငံခြားရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန စီးပွားရေးဌာန ညွှန်ကြားရေးမှူး ဦးမြင့်စိုးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်သီဝတို့လည်း ပြန်လည်လိုက်ပါလာကြသည်။ **(သတင်းစဉ်)**

ဆားလင်းကြီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းသင်တန်းဆင်း

ရန်ကုန် ဧပြီ ၁

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ဖွင့်လှစ်ခဲ့သော ဆားလင်းကြီးမြို့ အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း၊ အခြေခံစက်ချုပ်သင်တန်း အမှတ်စဉ် (၁)သင်တန်းဆင်းပွဲ အခမ်းအနားကို မတ် ၃၁ ရက် နံနက် ၈နာရီတွင် သင်တန်းကျောင်း ခန်းမ၌ ကျင်းပခဲ့ရာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက တိုင်းမှူး၏ ဇနီး ဒေါ်ဝေဝေခိုင်၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဝင်း၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာ အကြီးအကဲများ၊ တိုင်းခရိုင်နှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့မှတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ သင်တန်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ တိုင်းမှူးက သင်တန်းဆင်း အမှာစကားပြောကြားသည်။

ချီးမြှင့်

ယင်းနောက် စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက တိုင်းမှူး၏ ဇနီး ဒေါ်ဝေဝေခိုင်က သင်တန်းထူးချွန်ဆုရ သင်တန်းသူသုံးဦးအား ထူးချွန်ဆုပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဝင်းက သင်တန်းဆင်း လက်မှတ်များ ပေးအပ်ပြီး ဝန်ကြီးဌာနမှ တစ်နှစ်ဆိုင်း အရစ်ကျစနစ်ဖြင့် ရောင်းချပေးသော အပ်ချုပ်စက်များကိုသင်တန်းသူများသို့လွှဲပြောင်းပေးအပ်သည်။

ကျေးဇူးတင်စကား

ယင်းနောက်သင်တန်းသူများ ကိုယ်စား ရွာသစ်ကုန်းရွာမှ သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် ဧည့်သည်တော်များသည် သင်တန်းသူများ၏ လက်ရာ အဝတ်အထည်များနှင့် လက်မှုပစ္စည်းများကို ကြည့်ရှုအားပေးသည်။ **(သတင်းစဉ်)**

မြတမာဆရာတော်တရားပွဲ

ရန်ကုန် ဧပြီ ၁

သာကေတမြို့နယ် (၇)ရပ်ကွက် ဧရာဝဏ်လမ်းရှိ မုံရွာမြတမာကျောင်းဆရာတော် မြတမာအရှင်ဥတ္တမစာရ၏ ဓမ္မသဘင်တရားပွဲများအဖြစ် ဧပြီ၄ ရက်တွင် ကမာကလုပ်စံပြ ကျေးရွာ ဦးဖိုးတုတ်-ဒေါ်ရင်လှိုင်တို့၏ ရှင်ပြုရဟန်းခံဓမ္မသဘင်၌ လည်းကောင်း၊ ၅ရက်တွင် (၇)အနောက်ရပ်ကွက် ပတ္တမြား၄လမ်း၊ ၆ရက်တွင် ထူပါရုံ အရှေ့၃လမ်း၊ ၇ရက်တွင် မြင်တော်သာလမ်းမကြီး၊ ၈ရက်တွင် ထူပါရုံ ၁၁လမ်း၊ ၉ရက်တွင် သဒ္ဒါရုံလမ်း၊ ၁၃ရက်တွင် သာကေတ ၂/မြောက် ရပ်ကွက် တိုးချဲ့ ၂လမ်း၊ ၁၅ရက်တွင် (၅)ရပ်ကွက် သိင်္ဂီ၃လမ်း၊ ၁၆ရက်တွင် ဝေဇယန္တာအနောက် ၁၁လမ်း၊ ၁၇ရက်တွင် အောင်သုခ၁၉လမ်းတို့တွင် လည်းကောင်း တရားတော်များ ဟောကြားမည်ဖြစ် ကြောင်းသိရသည်။ **(က-ပ)**

ပန်းဘဲတန်းမြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ပညာရည်ချွန်ဆုချီးမြှင့်ပွဲနှင့်ထောက်ပံ့ငွေချီးမြှင့်

ရန်ကုန် ဧပြီ ၁

၂၀၀၆ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ပန်းဘဲတန်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့၏ အသက်၇၅နှစ်နှင့်အထက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအားဂုဏ်ပြုပွဲ၊ ပညာရည်ချွန်ဆုချီးမြှင့်ပွဲနှင့် မသန်စွမ်းစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ထောက်ပံ့ငွေချီးမြှင့်ပွဲ အခမ်းအနားကို မတ် ၂၇ရက် နံနက် ၉နာရီခွဲတွင် ရန်ကုန်မြို့ အနော်ရထာလမ်းရှိ ပန်းဘဲတန်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ရုံး၌ကျင်းပရာ မြို့နယ်စစ်မှုထမ်းဟောင်း အဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးထွန်းမြင့်(အငြိမ်းစား)၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်မြင့်လှိုင်နှင့် ရန်ကုန်အနောက်ပိုင်းခရိုင် စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့အတွင်းရေးမှူး ဗိုလ်ကြီးလှမြင့် (အငြိမ်းစား)တို့က အမှာစကား ပြောကြားကြသည်။

ချီးမြှင့်ငွေ

ထို့နောက်မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌက အသက် ၇၅နှစ်နှင့်အထက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင် ၂၂ဦးတို့အား ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်သည်။

ထောက်ပံ့ငွေ

ယင်းနောက် မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ သားသမီးများ အနက် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ကြသူများနှင့် ဂုဏ်ထူးဖြင့်အောင်မြင်ကြသူများ၊ သင်တန်းများတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မသန်စွမ်းစစ်မှုထမ်းဟောင်း အဖွဲ့ဝင်များအား ဂုဏ်ပြုဆုငွေနှင့် ထောက်ပံ့ငွေများကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြပြီး အသက်၇၅နှစ်နှင့်အထက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်တစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။ **(သတင်းစဉ်)**

နိုင်ငံအဝန်းသစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်

● ရှေ့ဖုံးမှ

ဆောင်ရွက်ရေး၊ စက်ယန္တရားများပျက်စီးမှုမရှိအောင် ဂရုပြုစစ်ဆေး ဆောင်ရွက်ရေး တာဝန်ရှိသူများအား မှာကြားသည်။

ကြည့်ရှုအားပေး

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် တိုင်းမှူးနှင့် တာဝန်ရှိသူများနှင့်အတူ ဘားအံမြို့နယ် ဘားကပ်စံပြကျေးရွာ ခြံစည်းရိုးကြက်ဆူပင်ပျိုးဥယျာဉ်သို့ သွားရောက်၍ မျိုးစေ့ပျိုးပင်၃၀၀၀၀ ပျိုးထောင်ထားရှိမှုများကို ကြည့်ရှုအားပေးကာ လိုအပ်သည်များ ညွှန်ကြားဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူးနှင့်အဖွဲ့သည် ဘားအံခရိုင် ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသော ဘားကပ်လျှပ်စစ်မြစ်ရေတင်လုပ်ငန်းစီမံကိန်းသို့ ရောက်ရှိရာ ရှင်းလင်းဆောင်တွင် ဘားအံခရိုင် ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနမှ တာဝန်ရှိသူများက မြစ်ရေတင်လုပ်ငန်းဆိုင်ရာများနှင့် စိုက်ပျိုးရေပေးဝေမှု၊ နွေစပါးနှင့် မိုးစပါး စိုက်ပျိုးဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက မိုးစပါးနှင့် နွေစပါးလျာထားချက်ထက်ကျော်လွန်အောင် စိုက်ပျိုးနိုင်ရေးနှင့် မျိုးကောင်းမျိုးသန့်နှင့် အထွက်တိုးမိုးစပါးများ စိုက်ပျိုးထုတ်လုပ်ရေး တာဝန်ရှိသူများအား မှာကြားကာ ဘားကပ်မြစ်ရေတင်လုပ်ငန်းရှိ ခြံစည်းရိုးကြက်ဆူပင်ပျိုးခင်းနှင့် သံလွင်မြစ်မှ ရေကိုလျှပ်စစ်မော်တာဖြင့် ရေစုပ်၍ ရေပေးဝေဆောင်ရွက်မှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် တိုင်းမှူးနှင့်အဖွဲ့ဝင်များလိုက်ပါလျက် ဘားအံအစိုးရကွန်ပျူတာကောလိပ်သို့ ရောက်ရှိရာ ခန်းမဆောင်၌ ရွှေသံလွင်ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးမိုးကျော်သူက ကွန်ပျူတာကောလိပ်ဆောက်လုပ်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက လိုအပ်သည်များမှာကြားကာ ကျောင်းအုပ်ဆရာမကြီး ဒေါက်တာသီသီမိုးညွန့်နှင့် ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ယင်းအဆောက်အအုံသည် အလျား ၄၉၁ပေ၊ အနံ ၂၃၁ပေရှိ ကျောင်းသားဦးရေ ၂၉၆၀ ပညာသင်ကြားနိုင်ပြီး ပင်မသုံးထပ်ဆောင် အဆောက်အအုံဖြစ်ကြောင်း သိရသည်။

အလေးထားဆောင်ရွက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် သံလွင်တံတား (ဘားအံ) သို့သွားရောက်၍ တံတားကြံ့ခိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား တံတားရေရှည်တည်တံ့ခိုင်မြဲအောင် ဆောင်ရွက်ကြရေး၊ ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေး အလေးထားဆောင်ရွက်ကြရန် မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် တရုတ်လှကျေးရွာ စိုက်ပျိုးရေးပညာပေးစခန်းသို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ပြည်နယ်မန်နေဂျာ ဦးကျော်သိန်းက ၂၀၀၅-၂၀၀၆ခုနှစ် မိုးစပါး၊ နွေစပါးစိုက်ပျိုးရန် လျာထားချက်အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ၂၀၀၆-၂၀၀၇ခုနှစ်တွင် မိုးစပါးစိုက်ဧက ၁၁၀၀၀၀၀ သိန်းနှင့် နွေစပါးစိုက်ဧက ၁၁၁ဒသမ၅သိန်းပြည့်မီကျော်လွန်အောင် အလေးထားဆောင်ရွက်ရေး၊ ဆောင်းသီးနှံများ လျာထားချက်ပြည့်မီကျော်လွန်အောင်စိုက်ပျိုးရေးနှင့် ဝန်ထမ်းများအနေဖြင့် မိမိဝန်ကြီးဌာနမှ ချမှတ်ပေးထားသော ရည်မှန်းချက်တာဝန်များကို အောင်မြင်အောင် အလေးထားဆောင်ရွက်ကြရေး မှာကြားသည်။

ညွှန်ကြားဆောင်ရွက်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် တရုတ်လှကျေးရွာတစ်ဝန်းဖြစ်ထွန်းအောင်မြင်လျက်ရှိသော နွေစပါးစိုက်ခင်းများနှင့် လျှပ်စစ်မြစ်ရေတင်လုပ်ငန်းဖြင့် ရေပေးဝေလျက်ရှိသော နွေစပါးစိုက်ခင်းများကိုလည်းကောင်း၊ ဒေသခံတောင်သူများက နွေစပါးစိုက်ခင်းများ၌ မြေဩဇာကြဲပက်နေမှုများကိုလည်းကောင်း ကြည့်ရှုအားပေးကာ တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားညွှန်ကြား ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့်အတူ ဘားအံတပ်နယ်ခန်းမဆောင်၌ တပ်နယ်အတွင်းရှိ အရာရှိ၊ စစ်သည်မိသားစုဝင်များအားတွေ့ဆုံပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးလုပ်ငန်းညှိနှိုင်း တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဧပြီ ၁

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ညနေ၅နာရီက ရန်ကုန်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဥက္ကဋ္ဌ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းက မော်တော်ယာဉ်များအား စီအင်န်ဂျီ သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များအဖြစ် ပြောင်းလဲတပ်ဆင်မှုကို စီမံချက်အတိုင်း စနစ်တကျမြန်ဆန်စွာ ဆောင်ရွက်နိုင်ရေးနှင့် ယာဉ်စည်းကမ်း လမ်းစည်းကမ်း ထိန်းသိမ်းရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ရှင်းလင်းအမှာစကားပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ရန်ကုန်တိုင်းအတွင်းရှိ တက္ကသိုလ်၊ ကောလိပ်များမှ ဌာနမှူးများ၊ မော်ကွန်းထိန်းများနှင့် တာဝန်ရှိသူများ၊ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် မော်တော်ယာဉ်လိုင်းများမှ ယာဉ်လိုင်းဥက္ကဋ္ဌများက ကျောင်းကြို/ပို့ယာဉ်များနှင့် သက်ဆိုင်သည့်ကိစ္စရပ်များ၊ ပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစွာဖြင့် အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း စနစ်တကျ လိုက်နာကြစေရေးအတွက် ကြပ်မတ် ဆောင်ရွက်လျက်ရှိသည့် အခြေအနေနှင့် မော်တော်ယာဉ်များအား စီအင်န်ဂျီ သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များအဖြစ် ပြောင်းလဲတပ်ဆင် ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဖြည့်ဆည်းပေး

ယင်းနောက် တိုင်းမှူးက တင်ပြချက်များနှင့် ပတ်သက်၍ လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မဟာသင်္ကြန်ပွဲတော် နွဲစို့ပျော်ပျော်

အကလေ့ကျင့်

ဧပြီ ၁ ရက်က ကမာရွတ်မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ကျောင်းသူများ ၁၃၆၇ခုနှစ် မဟာသင်္ကြန်ပွဲတော်တွင် ပါဝင်ဖျော်ဖြေရန် ၁၆ဦးယှဉ်အက ဤသို့ လေ့ကျင့်လျက်ရှိသည်။

(မြန်မာ့အလင်း)

အကဖြင့်ဖျော်ဖြေ

ဧပြီ ၁ရက်က ကလေးသုတစာစောင်နှင့် လပြည့်ဝန်းပလာဇာတို့ ပူးပေါင်းတင်ဆက်သည့် နှစ်သစ်အတာသင်္ကြန်ကို ကြိုဆိုလျက် ဒုတိယအကြိမ် ကလေးသုတ သီချင်းဆိုပြိုင်ပွဲကို လပြည့်ဝန်းပလာဇာရှေ့၌ ကျင်းပရာ ကလေးများက ဤသို့ နွေမ သီချင်းအကဖြင့် ဖျော်ဖြေခဲ့ကြသည်။

(မြန်မာ့အလင်း)

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့

၂၀၀၆ ခုနှစ်၊ မတ်လ ၁၅ ရက်နေ့အထိ နိုင်ငံအဝန်းတွင် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် (၅၂၃၉၁)တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။

ကျေးလက်နေပြည်သူအများ ပညာဗဟုသုတတိုးပွားစေရန် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ခရိုင်၊မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ကြပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန။

၂၀၀၆-ခုနှစ်၊ ဧပြီလ (၇) ရက်

ကမ္ဘာ့ကျန်းမာရေးနေ့

WORLD HEALTH DAY

ကျန်းမာစွမ်းအား ဖွံ့ဖြိုးဖို့ လက်တွဲပါဝင် ဆောင်ရွက်စို့

WORKING TOGETHER FOR HEALTH

ကျန်းမာရေးဝန်ကြီးဌာန

■ *ကျောဖုံးမှ*

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်အဖွဲ့သည် နန်းသီတာဆိပ်ကမ်းမှ ရေယာဉ်ဖြင့် ထွက်ခွာလာကြရာ ဒလမြို့နယ် ဆိပ်ကမ်းသို့ နံနက် ၇ နာရီခွဲတွင် ရောက်ရှိကြပြီး ရန်ကုန် တောင်ပိုင်းခရိုင် ဒလမြို့နယ် ကမာကသွယ်ရပ်ကွက်ရှိ ကျန်စစ်သားလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် အားပေးသည်။

ဖွင့်ပွဲအခမ်းအနားကို အဆိုပါ လမ်းသစ်ထိပ်ရှိ မုခ်ဦး၌ကျင်းပရာ တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဝင်းနှင့် လမ်းဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်ဆန်းတို့က ကတ္တရာ လမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်အဖွဲ့ဝင်များသည် ကတ္တရာလမ်းသစ်ကို ဖြတ်သန်း ကြည့်ရှုကြသည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းတို့ ခြံစည်းရိုးကြက်ဆူမျိုးစေ့၊ မျိုးကိုင်းနှင့် ပျိုးပင်ပေါက်တို့ကို စိုက်ပျိုးပေးကြစဉ်။ (သတင်းစဉ်)

တိုးမြှင့်ဆောင်ရွက်ခဲ့

အဆိုပါ ကျန်စစ်သားလမ်း ကတ္တရာလမ်းသစ်မှာ အရှည် ၂၅၇၆ ပေ၊ အကျယ် ၁၂ ပေရှိပြီး မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနက ပံ့ပိုးငွေကျပ် ၁၄၅ ဒသမ ၃၂၃ သိန်းနှင့် ပြည်သူများ ထည့်ဝင်ငွေ ကျပ်သိန်း ၅၀ ဖြင့် မူလ ဂဝံလမ်းအဆင့်မှ ကတ္တရာလမ်း အဆင့်သို့ တိုးမြှင့်ဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် နံနက် ၈ နာရီတွင် ဒလမြို့နယ် ပြည်သူ့ဆေးရုံဝင်း အတွင်းရှိ သံဃာကုသဆောင်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး ကမ္ပည်းကျောက်စာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဖွင့်ပွဲအခမ်းအနားတွင် ရှေးဦးစွာ တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့်အလှူရှင် ဒေါက်တာနိုင်ဝင်း (ကျော်ဇေယျာထရိတ်ဒင်း ကုမ္ပဏီလီမိတက်)တို့က သံဃာကုသဆောင်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက သံဃာကုသဆောင် ကမ္ပည်းကျောက်စာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

ထို့နောက်ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် သံဃာ ကုသဆောင်ကို လှည့်လည် ကြည့်ရှုစစ်ဆေးပြီး ဆက်လက်၍ ဆေးရုံရှိ ခွဲစိတ်မှုခန်း၊ အမျိုးသားလူနာဆောင်၊ ခွဲစိတ်ခန်း၊ ဆေးသိုလှောင်ခန်း၊ မွေး လူနာခန်းနှင့် အမျိုးသမီးလူနာဆောင်များကို ကြည့်ရှုစစ်ဆေးကာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် လူနာများအား ထောက်ပံ့ငွေများ ပေးအပ်ကြသည်။

အလှူငွေများ လက်ခံ

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီး မြင့်ဆွေ သံဃာတော်များ ဆေးကုသနိုင်ရေး အတွက် အလှူရှင်များထံမှ အလှူငွေများ လက်ခံစဉ်။ (သတင်းစဉ်)

အလှူငွေလက်ခံ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် နံနက် ၈ နာရီ မိနစ် ၂၀ တွင် ဒလမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်းအတွင်းရှိ သီရိဇေယျာနော်ရထာခန်းမ၌ ကျင်းပသည့် သံဃာကုသဆောင် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး ဆေးပဒေသာပင်အလှူငွေများကို လက်ခံသည်။

ကျေးဇူးတင်

အခမ်းအနားတွင် ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက အမှာစကား ပြောကြားရာ၌ ဒလမြို့နယ် ပြည်သူ့ဆေးရုံ တည်ဆောက်ပြီးသည်မှာ ကြာမြင့်ပြီဖြစ်သော်လည်း လိုအပ်နေသည့် သံဃာကုသဆောင်ကို ဆောက်လုပ်လှူဒါန်းသည့်အတွက် ကျေးဇူးတင်ရှိကြောင်း၊ ယင်းကဲ့သို့ သံဃာကုသဆောင် ဆောက်လုပ်လှူဒါန်းခြင်းသည် သံဃာတော်များ၏ ကျန်းမာရေး စောင့်ရှောက်ကုသမှုကို များစွာ အထောက်အကူဖြစ်စေကြောင်း။

ယခင်က ဒလမြို့နယ်၏ ပြည်သူ့ဆေးရုံသည် (၁၆)ခုတင်ဆံ့ ဆေးရုံအဆင့်သာရှိရာမှ ယခုအခါ နိုင်ငံတော် အစိုးရက(၂၅)ခုတင်ဆံ့သို့ တိုးမြှင့်ပေးခဲ့သည့်အပြင် ခွဲစိတ်မှုခန်းနှင့် သွားဆေးကုခန်းများ တိုးမြှင့်ဖွင့်လှစ်ပေးခဲ့ပြီး ယခုအခါ သံဃာကုသဆောင်ကိုပါ ဖွင့်လှစ်နိုင်ပြီဖြစ်သည့်အတွက် ကျန်းမာရေး အဆင့်အတန်း မြင့်မားတိုးတက်လာပြီ ဖြစ်ကြောင်း။

ဖွင့်လှစ်ပေး

ယခင်က သောက်သုံးရေ မဖူလုံသည့် ဒလမြို့နယ်တွင် ယခုအခါ ရန်ကုန်ပေါက်ကျေးရွာ၌ အဝီစိတွင်းတူး၍ ပိုက်စနစ်ဖြင့် ဒလမြို့နယ်ရှိ (၁၆)ရပ်ကွက်သို့ သောက်သုံးရေများ ဖြန့်ဝေပေးနိုင်ပြီဖြစ်ကြောင်း၊ လမ်းပန်းဆက်သွယ်ရေး လုံခြုံချောမွေ့စေရေးအတွက် ကတ္တရာလမ်းများကိုလည်း ဖွင့်လှစ်ပေးနိုင်ပြီဖြစ်ကြောင်း။

ဒလမြို့နေပြည်သူများအနေဖြင့် ယခုကဲ့သို့ဖွံ့ဖြိုးတိုးတက်မှုများကိုထိန်းသိမ်းစောင့်ရှောက်ပြီး မိမိတို့ ဒေသ ယခုထက်ပိုမို ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်း ဆောင်ရွက်သွားကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့က အမှာစကားများ ပြောကြားသည်။

လွှဲပြောင်းပေးအပ်

ယင်းနောက် သံဃာကုသဆောင် ဆောက်လုပ်မှုနှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို အလှူရှင် ဒေါက်တာနိုင်ဝင်း (ကျော်ဇေယျာ ထရိတ်ဒင်း ကုမ္ပဏီလီမိတက်) က ကျန်းမာရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ညွှန့်သို့ လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် သံဃာတော်များ ဆေးကုသနိုင်ရေးအတွက် အလှူရှင်များက ဆေးပဒေသာပင် အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းဇော်နှင့်ဇနီး ဒေါ်မူမူဝင်းက ငွေကျပ်ငါးသိန်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့်ဇနီး ဒေါ်ခင်ညွှန့်မြိုင်တို့က ငွေကျပ် ၁၀ သိန်းနှင့် အလှူရှင် ဒေါက်တာနိုင်ဝင်း (ကျော်ဇေယျာ ထရိတ်ဒင်း ကုမ္ပဏီလီမိတက်)က ငွေကျပ်သိန်း ၃၀ တို့ကို ပေးအပ် လှူဒါန်းကြရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ဒေါက်တာရဲမြင့်စိုးနှင့် ဇနီး ဒေါ်မေဇော်ခိုင်နှင့် ဦးထင်အောင်ကျော်-ဒေါက်တာပပဝါ မိသားစုတို့က ငွေကျပ် သုံးသိန်းစီ၊ ဦးဝေလွင်နှင့်ဇနီးနှင့်ဦးအောင်ကျော်မြင့်နှင့်ဇနီး ဒေါ်အမာတို့က ငွေကျပ် တစ်သိန်းစီတို့ကို ပေးအပ်လှူဒါန်းကြရာ တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

သံဃာတော်များ ဆေးကုသနိုင်ရေးအတွက် ယနေ့ဆေးပဒေသာပင် စိုက်ထူ လှူဒါန်းငွေမှာ ငွေကျပ် ၅၃ သိန်းဖြစ်သည်။

ယနေ့ဖွင့်လှစ်သည့် သံဃာကုသဆောင်မှာ အလျား ၈၁ ပေ၊ အနံ ၂၉ ပေရှိ အုတ်နံရံကပ် သွပ်မိုး အဆောက်အအုံဖြစ်ပြီး ဒေါက်တာနိုင်ဝင်း (ကျော်ဇေယျာ ထရိတ်ဒင်း ကုမ္ပဏီလီမိတက်)က ငွေကျပ်သိန်း ၃၀၀ ကုန်ကျခံကာ ဆောက်လုပ်လှူဒါန်းခြင်းဖြစ်ကြောင်း သိရှိရသည်။

စိုက်ပျိုးပေး

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ခန်းမအပြင်ဘက်၌ ပြသထားသော ခြံစည်းရိုးကြက်ဆူမျိုးစေ့၊ ကြက်ဆူပင် အပင်ပေါက်နှင့် ခြံစည်းရိုးကြက်ဆူဆီတို့ကို ကြည့်ရှုစစ်ဆေးပြီး ခြံစည်းရိုး ကြက်ဆူမျိုးစေ့၊ မျိုးကိုင်းနှင့် ပျိုးပင်ပေါက်တို့ကို စိုက်ပျိုးပေးသည်။

အလားတူ တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့ကလည်း ခြံစည်းရိုးကြက်ဆူမျိုးစေ့၊ မျိုးကိုင်းနှင့် ပျိုးပင်ပေါက်တို့ကို စိုက်ပျိုးပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ ကြက်ခြေနီနှင့် အရန်မီးသတ်တပ်ဖွဲ့တို့မှ အသင်းအဖွဲ့ဝင်များက ခြံစည်းရိုး ကြက်ဆူပင်များ စိုက်ပျိုးနေမှုနှင့် ခြံစည်းရိုးကြက်ဆူပျိုးဥယျာဉ်တို့ကို ကြည့်ရှုစစ်ဆေးပြီး နံနက် ၉ နာရီခွဲတွင် ပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် အလှူရှင် ဒေါက်တာနိုင်ဝင်းတို့ သံဃာ့ဆေးကုသဆောင်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

တပ်မတော်နေ့ပြပွဲ ပြည်သူများစိတ်ဝင်တစားလေ့လာ

ရန်ကုန် မေ ၁

၂၀၀၆ ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့ပြပွဲ ပြခန်းများကို ယနေ့နံနက်၉နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော် စစ်သမိုင်းပြတိုက်၌ သတ္တမနေ့အဖြစ် ဆက်လက် ပြသထားရာ ရပ်နီးရပ်ဝေး ပြည်သူများနှင့် ကျောင်းသားကျောင်းသူများ လာရောက်ကြည့်ရှုလေ့လာကြသည်။

ပြပွဲတွင် တြိဂံဒေသတိုင်း စစ်ဌာနချုပ်ပြခန်း၌ သမိုင်း၏ ဂုဏ်ဒြပ်၊ ဘုရင့်နောင်မင်းတရားကြီး ရုပ်တု(တာချီလိတ်)၊ အသိအလိမ္မာ တိုးပွားရာ ပညာရေးကဏ္ဍ၊ ဖွံ့ဖြိုးတိုးတက်လာသော ရှမ်းအရှေ့ပိုင်းမြို့ရွာများ၊ ရှမ်းပြည်နယ် အရှေ့ပိုင်း ကျန်းမာရေးကဏ္ဍ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့၏ဓာတ်ပုံများ၊ လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်ဓာတ်အား၊ သမိုင်းဝင် ပန်မိုင်ဆွန်တိုက်ပွဲ၊ တည်ဆောက်ရေးလုပ်ငန်း တာဝန်ကြီးလေးရပ်၊ ခေတ်မီဖွံ့ဖြိုး တိုးတက်လာသော ရှမ်းပြည်နယ်အရှေ့ပိုင်းဒေသ၊ တိုင်းမှူးတိုင်းအတွင်း လှည့်လည်စစ်ဆေးခြင်း၊ မူးယစ်ဆေးဝါးပပျောက်ရေး၊ မိုးဟိန်းစစ်ဆင်ရေး၊ အထက်အကြီးအကဲများ တိုင်းအတွင်း လှည့်လည်စစ်ဆေးခြင်း၊ ရှမ်းပြည်နယ် အရှေ့ပိုင်း ထွန်းကားပြန့်ပွားလာသော ဗုဒ္ဓသာသနာ၊ တြိဂံဒေသတိုင်း အတွင်းရှိ တန်ခိုးကြီးဘုရားများကို ဓာတ်ပုံ၊ ပန်းချီ၊ ရုပ်ပုံကားချပ်၊ ဇယားများဖြင့် ဝေဝေဆာဆာပြထားရာ ကျောင်းသားကျောင်းသူ ပြည်သူများ စိတ်ဝင်စားစွာ ကြည့်ရှုလေ့လာကြသည်။

ထို့အပြင် တိုင်းကျိုးပြည်ပြု ပြည်သူ့အကျိုးပြုလုပ်ငန်းများ ပြခန်း၌လည်း ကွန်ပျူတာ ဉာဏ်စမ်းပြိုင်ပွဲကို နေ့စဉ် မွန်းတည့် ၁၂ နာရီတွင် ကျင်းပပေးလျက်ရှိရာ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများ ချီးမြှင့်ကြသည်။

အဆိုပါ ပြပွဲကို မေ ၄ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ပြသလျက်ရှိရာ မည်သူမဆို အခမဲ့ လာရောက် ကြည့်ရှုလေ့လာနိုင်သည်။ **(သတင်းစဉ်)**

အရှင်နန္ဒာစရိယ သက်ြိန်အထူးတရားစခန်းပွဲ

ရန်ကုန် မေ ၁

ရန်ကုန်တိုင်း ထန်းတပင်မြို့နယ် မဲပလီကျေးရွာ အောင်သိဒ္ဓိကျောင်း မိုးကုတ် ဝိပဿနာဓမ္မရိပ်သာ အဖွဲ့ခွဲအမှတ်(၃၀၂)၏ သက်ြိန်အထူး တရားစခန်းပွဲကို (တန်ခူးလပြည့်ကျော် ၁ ရက်မှ ၅ ရက်) မေ ၁၃ ရက်မှ ၁၇ ရက်အထိ ကျင်းပမည်ဖြစ်သည်။ ယင်းတရားစခန်းပွဲကို ရန်ကုန်မြို့ သွေးဆေးကန်တိုက် မဏိရတနာ မိုးကုတ်ကျောင်းမှ သွေးဆေးကန် အရှင်နန္ဒာစရိယ (သာသနဓဇ ဓမ္မာစရိယ၊ ဂဏဝါစက ဓမ္မာစရိယ)က ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာလေးပါးတရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ရာပြည့် ဝေနေယျသုခ စာစောင်ထွက်ပြီ

ရန်ကုန် မေ ၁

ရန်ကုန်မြို့ ဝေနေယျသုခ ရေချမ်းစင်အသင်း နှစ်၁၀၀ပြည့် အထိမ်းအမှတ် "ရာပြည့် ဝေနေယျသုခ ၁၂၆၇-၁၃၆၇" စာစောင်ကို ပုံနှိပ်ထုတ်ဝေလိုက်သည်။ စာစောင်တွင် မတောင်းဆုရ ရေအကျိုးဆယ်ပါးနှင့် စပ်လျဉ်း၍ ဆရာတော် သံဃာတော်များ၊ စာရေးဆရာကြီး/ငယ်များ၊ ကဗျာ ဆရာများစွာတို့က ရှုထောင့်ပေါင်းစုံမှ ရေးသားတင်ပြထားကြသည်။ ခေတ်နှင့်အညီ သောက်ရေသန့် အရေးကြီးပုံနှင့် ရေသယံဇာတ အရေးကြီးပုံတို့ကိုလည်း ဖော်ပြထားပြီး ပန်းချီကျော် ပေါ်ဦးသက်၏ သုဝဏ္ဏသာမ ရေခပ်ဆင်းခန်း သရုပ်ဖော်ပန်းချီ ဆေးရောင်ခြယ် နှစ်ဖက် မျက်နှာဖုံးနှင့် ရောင်စုံ ဓာတ်ပုံများ၊ ဖြူမည်းဓာတ်ပုံများ၊ သရုပ်ဖော် ပန်းချီများဖြင့် ဝေဝေဆာဆာ ဖော်ပြထားသည်။ နိုင်ငံအဝန်း စာကြည့်တိုက်များသို့ ဓမ္မဒါနလှူဒါန်းနိုင်ရန် ရွှေတိဂုံစေတီတော် ဝေနေယျသုခဓမ္မာရုံ ဖုန်း-၃၈၁၇၃၆ တွင် ပူဇော်နိုင်သည်။ **(မြန်မာ့အလင်း)**

ကံထူးရှင်များပေါ်ထွက်

ရန်ကုန် မေ ၁

(၂၀၇)ကြိမ်မြောက် ကျပ် ၁၀၀ တန် အောင်ဘာလေ သိန်းဆုဖွင့်ပွဲမှ ယနေ့ ထွက်ပေါ်လာသည့် ဆုကြီးများစာရင်းမှာ အောက်ပါအတိုင်း ဖြစ်သည်။

ကျပ်သိန်း၅၀၀အထူးဆု

စ-၁၇၂၅၀၈

ကျပ်သိန်း၃၀၀ဆုများ

ဏ-၂၉၀၅၂၇ ပ-၃၂၄၀၀၆

ကျပ်သိန်း၂၀၀ဆုများ

ပ-၃၃၆၅၉၉ ပ-၂၀၂၈၄၂
ဃ-၆၈၉၈၅၃ င-၅၁၆၃၇၃

ကျပ်သိန်း၁၀၀ဆုများ

ပ-၆၄၉၉၄၄	ပ-၉၇၉၆၂၆
ဃ-၄၂၂၄၅၁	ဖ-၄၃၇၄၀၇
တ-၃၅၀၇၀၃	ခ-၂၁၄၉၈၃
ဘ-၉၆၆၀၆၇	ဍ-၄၂၉၀၉၈
ခ-၉၉၀၈၇၀	ထ-၆၆၉၁၂၃
ပ-၁၈၉၈၇၂	ဇ-၃၇၃၃၈၂

ကျပ်သိန်း၁၀၀(မင်္ဂလာစုံတွဲစနစ်)

ဌ-၂၈၂၀၀၄	၎-၁၄၂၀၀၈
ဒ-၃၁၇၂၆၄	ဇ-၁၈၂၅၃၁
ဈ-၈၇၄၃၅၁	ထ-၆၄၈၇၁၀
ရ-၆၁၉၉၁၂	ဂ-၈၉၁၂၅၄
ဏ-၃၂၉၃၄၁	မ-၂၆၂၃၆၃
ည-၂၃၄၃၇၉	မ-၉၅၃၀၈၁
ခ-၆၀၉၃၆၃	န-၆၅၅၇၃၄

ဈ-၅၅၃၁၃၀

(သတင်းစဉ်)

မြန်မာနိုင်ငံကြက်ငှက်တုပ်ကွေးရောဂါထိန်းချုပ်ရေး အပြည်ပြည်ဆိုင်ရာနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိ

ရန်ကုန် ဧပြီ ၁

မြန်မာနိုင်ငံသည် ၂၀၀၆ခုနှစ် ဖေဖော်ဝါရီလအထိ ကြက်ငှက်တုပ်ကွေးရောဂါကင်းရှင်းသည့် နိုင်ငံတစ်ခုဖြစ်ခဲ့သည်။ ၂၀၀၆ခုနှစ် ဖေဖော်ဝါရီလတွင် မြန်မာနိုင်ငံအလယ်ပိုင်းဒေသအချို့၌ ကြက်များအသေအပျောက်ရှိခဲ့ပြီး မတ်လပထမပတ်တွင် ကြက်ငှက် တုပ်ကွေးရောဂါပိုးရပ်စ်ပိုး ($H_5 N_1$) စတင် စစ်ဆေးတွေ့ရှိခဲ့ရာမှ ယခုအခါ စစ်ကိုင်းတိုင်း ရွှေဘို၊ ခင်ဦး၊ ကန့်ဘလူ၊ ရေဦးမြို့နယ်များနှင့် မန္တလေးတိုင်း ပြည်ကြီးတံခွန်၊ ချမ်းမြသာစည်၊ ချမ်းအေးသာစံ၊ မဟာအောင်မြေ၊ အောင်မြေသာစံ၊ အမရပူရမြို့နယ်တို့တွင် ကြက်ငှက်တုပ်ကွေးရောဂါကျရောက်ဖြစ်ပွားခဲ့ရာ ကြက်မွေးမြူရေးခြံ ၂၂၆ခြံ၊ ကြက်ကောင်ရေ ၁ဒသမ၄သိန်း၊ ကြက်ဥ ၇၀၅၆၀၊ ငုံးမွေးမြူရေးခြံ ၆၃ခြံမှ ငုံးကောင်ရေ ၁ဒသမ၃သိန်း၊ ငုံးဥ ၅၀၈၅၅လုံး ဖျက်ဆီးခဲ့သည်။ ရောဂါဖြစ်မြို့နယ်များအတွက် ရောဂါကန့်သတ်နယ်မြေများ၊ ထိန်းချုပ်နယ်မြေများသတ်မှတ်၍ ကြက်နှင့်ကြက်ထွက်ပစ္စည်း၊ မွေးမြူရေးလုပ်ငန်း အသုံးအဆောင်ပစ္စည်းများ သယ်ယူပြောင်းရွှေ့တားမြစ်မှုများအရ ရောဂါထိန်းချုပ်မှုများ ဆောင်ရွက်လျက်ရှိသည်။ ရောဂါထိန်းချုပ်မှုလုပ်ငန်းများကို မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၊ ဒေသအာဏာပိုင်များ ပူးပေါင်း၍ ရောဂါထိန်းချုပ်မှုများ အထူးကြပ်မတ်ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများဖြစ်သော FAO/JICA/ ဩစတြေးလျနိုင်ငံ ဂျီလောင်းမြို့ရှိ အမျိုးသားတိရစ္ဆာန်ကျန်းမာရေးဓာတ်ခွဲခန်း၊ ထိုင်းနိုင်ငံ တိရစ္ဆာန်မွေးမြူရေးဖွံ့ဖြိုးရေးဌာန DLD တို့နှင့်ပူးပေါင်း၍ ရောဂါထိန်းချုပ်ရေးနည်းပညာအကူအညီများ၊ လုပ်ငန်းသုံးပစ္စည်း၊ ဓာတ်ခွဲခန်းသုံးပစ္စည်းအကူအညီများရယူ၍ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ FAO ဒေသညှိနှိုင်းရေးမှူး Dr. Watanee နှင့်အမေရိကန်နိုင်ငံ USAID မှ Dr. J. Mac. Arther တို့သည် မြန်မာနိုင်ငံသို့ နှစ်ကြိမ်ရောက်ရှိလာပြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ပညာရှင်များနှင့် ကြက်ငှက် တုပ်ကွေးရောဂါထိန်းချုပ်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ခဲ့ပြီး Dr. J. Mac. Arther အနေဖြင့် မြန်မာနိုင်ငံ ကြက်ငှက်တုပ်ကွေးရောဂါ ထိန်းချုပ်မှုကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာနတို့နှင့် ဒေသအာဏာပိုင်အဖွဲ့အစည်းတို့၏ အင်တိုက်အားတိုက် ပူးပေါင်းဆောင်ရွက်မှု၊ ကြက်ငှက်တုပ်ကွေးရောဂါစတင်ဖြစ်ပွားမှုသတင်းကို သက်ဆိုင်သည့်အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများသို့ ပွင့်လင်းကြည်လင်သောကြေညာချက်များထုတ်ပြန်မှုနှင့် ရောဂါထိန်းချုပ်မှုကို ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုများကို အသိအမှတ်ပြုပါကြောင်းဖြင့်ပြောကြားသည်။ ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(JICA)မှ ကြက်ငှက်တုပ်ကွေးရောဂါ ကျွမ်းကျင်သူပညာရှင် Dr. Sudarat သည် မတ်၂၈ရက်တွင် ရောက်ရှိလာပြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ပညာရှင်များနှင့်ပူးပေါင်း၍ ကြက်ငှက်တုပ်ကွေးရောဂါစစ်ဆေးမှုကို ခေတ်မီနည်းပညာရပ်များအသုံး ပြု၍ရောဂါရှာဖွေစစ်ဆေးနည်းများကို နှစ်ပတ်ကြာပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။ ယင်းအပြင် FAO မှ ဒေသညှိနှိုင်းရေးမှူး Dr.Watanee နှင့်အတူ ကြက်ငှက်တုပ်ကွေးရောဂါ ပျံ့နှံ့မှုပူးပေါင်းဆောင်ရွက်ရေးပညာရှင် Dr.Prasit သည် မတ်၃၁ရက်တွင် ရောက်ရှိလာပြီး စစ်ကိုင်းတိုင်းနှင့်မန္တလေးတိုင်းအတွင်း ကြက်ငှက်တုပ်ကွေးရောဂါပျံ့နှံ့မှုကို ဒေသခံတိရစ္ဆာန်ဆေးကုဆရာဝန်များနှင့် နှစ်ပတ်ကြာပူးပေါင်းဆောင်ရွက်သွားကြမည် ဖြစ်သည်။

ကြက်ငှက်တုပ်ကွေးရောဂါ ထိန်းချုပ်ရေးလုပ်ငန်းများအတွက် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၏ အကူအညီရယူဆောင်ရွက်လျက်ရှိရာတွင် ရောဂါကာကွယ်ရေးဝတ်စုံဆေးဖျန်းပုံ၊ ပိုးသတ်ဆေးများ၊ ဓာတ်ခွဲခန်းသုံးပစ္စည်းများ၊ အပြည်ပြည်ဆိုင်ရာကျွမ်းကျင်ပညာရှင်များ၊ ပြည်သူလူထုပညာပေးအထောက်အကူပြုရုပ်ပြ ပိုစတာများ စုစုပေါင်းထောက်ပံ့ကူညီမှုတန်ဖိုး အမေရိကန်ဒေါ်လာ ငါးသိန်းကျော်လက်ခံရရှိ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

စပါးနှင့်သီးနှံများအခြောက်ခံခြင်းနှင့် အရည်အသွေးထိန်းသိမ်းခြင်းဆိုင်ရာနည်းပညာဟောပြော

ရန်ကုန် ဧပြီ ၁

မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်းမှ ကြီးမှူး၍ စပါးနှင့်သီးနှံများ အခြောက်ခံခြင်းနှင့် သီးနှံအရည်အသွေး ထိန်းသိမ်းခြင်းဆိုင်ရာ နည်းပညာဟောပြောပွဲနှင့် လက်တွေ့သရုပ်ပြရှင်းလင်းပွဲကို ယနေ့နံနက် ၉နာရီက လှိုင်သာယာမြို့နယ် စက်မှုဇုန်(၁) ဦးရွှေဘင်လမ်း အမှတ်၁၄၃ရှိ သောင်းဝင်း စက်မှုလက်မှုခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးမှ တာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ အထွေထွေအတွင်းရေးမှူးနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ဆန်စပါးစိုက်ပျိုးထုတ်လုပ်ရောင်းဝယ်သူများနှင့်ဆန်စက်လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ဖတ်ကြားတင်ပြ

ရှေးဦးစွာ သဘာပတိမြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးတင်ဝင်းက အမှာစကားပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း အထွေထွေအတွင်းရေးမှူး ဒေါက်တာမျိုးအောင်ကျော်ကသီးနှံအရည်အသွေးထိန်းသိမ်းခြင်းနှင့် ရိတ်သိမ်းချိန်လွန်နည်းပညာနှင့် မြန်မာနိုင်ငံနှင့် သင့်လျော်သော စပါးအခြောက်ခံစက် စာတမ်းနှစ်စောင်တို့ကို ဖတ်ကြားတင်ပြသည်။

ယင်းနောက် အငြိမ်းစားစိုက်ပျိုးရေးပညာရှင် ဦးဗဟိန်းက စပါးမျိုးကောင်းမျိုးသန့်များ စိုက်ပျိုးထုတ်လုပ်ခြင်းစာတမ်းကို ဖတ်ကြားတင်ပြသည်။ ထို့နောက် တက်ရောက်လာကြသူများ၏ မေးမြန်းဆွေးနွေးချက်များကို စာတမ်းရှင်တို့က ပြန်လည်ရှင်းလင်းဖြေကြားသည်။

ကိရိယာများစာတမ်း

ဒုတိယပိုင်းအစီအစဉ်အရ သဘာပတိအဖြစ် မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးကိုကိုကြီးက အမှာစကားပြောကြားပြီးနောက် Trust&Development Co.,Ltd.အုပ်ချုပ်မှုဒါရိုက်တာ ဦးမြင့်ဇော်က သီးနှံအရည်အသွေးထိန်းသိမ်းမှုအတွက် လိုအပ်သော ကိရိယာများစာတမ်းကို ဖတ်ကြားတင်ပြသည်။

ထို့နောက် ဝိစာရအင်တာနေရှင်နယ်မှ မန်နေဂျာဦးစန်းမြင့်က သီးနှံသိုလှောင်ရေးဖျက်ပိုးများ ကာကွယ်နှိမ်နင်းခြင်းစာတမ်းကိုလည်းကောင်း၊ ဦးသောင်းဝင်း (သောင်းဝင်းစက်မှုလက်မှု)က သီးနှံအတွက် အခြောက်ခံစက်စာတမ်းကိုလည်းကောင်း၊ ဦးတင်ဦး(Engineering Group)က စပါးအခြောက်ခံစက်အတွေ့အကြုံ စာတမ်းကိုလည်းကောင်း ဖတ်ကြားပြီး လက်တွေ့သရုပ်ပြ ရှင်းလင်းပြသသည်။

(အပေါ်ပုံ) **(သတင်းစဉ်)**

မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရားဓမ္မစေတီများ ရွှေထီးတော်တင်လှူ

တိုင်းမှူးဗိုလ်ချုပ်ခင်ဇော် တက်ရောက်ကြည်ညိုပူဇော်

ရန်ကုန် ဧပြီ ၁

မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ မဟာလောကမာရဇိန်ကုသိုလ်တော်ဘုရား ဓမ္မစေတီများ ရွှေထီးတော်တင် မင်္ဂလာအခမ်းအနားကို မတ်၂၄ရက် နံနက်၆နာရီက မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရားတွင် ကျင်းပရာ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် တက်ရောက်ကြည်ညို၍ ရွှေထီးတော် တင်လှူပူဇော်သည်။

ရှေးဦးစွာ အခမ်းအနား တက်ရောက်လာကြသူများက အခမ်းအနားကို နမောတဿသုံးကြိမ် ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး တိုင်းမှူးနှင့်ဇနီး၊ ဧည့်ပရိသတ်အပေါင်းတို့က နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မိုးထိတိုက်ဆရာတော် ဘဒ္ဒန္တဉာဏထံမှ ငါးပါးသီလခံယူဆောက်တည်ကြကာ ဆရာတော်၊ သံဃာတော် အရှင်သူမြတ်တို့ ရွတ်ပွားချီးမြှင့်တော်မူသော ပရိတ်တရားတော်များကို နာယူကြသည်။

လှူဖွယ်ပစ္စည်းများဆက်ကပ်

ဆက်လက်၍ တိုင်းမှူးနှင့်ဇနီး၊ မြို့တော်ဝန်နှင့်ဇနီး၊ တာဝန်ရှိသူများက အလှူရှင်များလှူဒါန်းသည့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်များကို နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မိုးထိတိုက်ဆရာတော် ဘဒ္ဒန္တဉာဏထံ ဆက်ကပ်ကြပြီး ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ **(အပေါ်ယာပုံ)**

ထို့နောက် တိုင်းမှူးနှင့်ဇနီး၊ ဧည့် ပရိသတ်အပေါင်းတို့က လှူဒါန်းမှုအစုစုတို့အတွက် မန္တလေးမြို့ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း ကျောင်းအုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကေသဝထံမှ အနုမောဒနာတရားနှင့် ရေစက်ချတရား နာယူကြည်ညိုကြသည်။

ဆက်လက်၍ အခမ်းအနားအစီအစဉ်အရ တိုင်းမှူးနှင့်ဇနီး၊ တာဝန်ရှိသူများက စိန်ဖူးတော်၊ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံအဆင့်ဆင့်တို့ကို ရွှေထီးတော်တင်လှူပူဇော်မည့် သတ်မှတ်နေရာသို့ပင့်ဆောင်ကြပြီး မင်္ဂလာအချိန်တွင် တိုင်းမှူးက စိန်ဖူးတော်၊ငှက်မြတ်နားတော်နှင့် ရွှေထီးတော်တို့ကို ဓမ္မစေတီအထွတ်သို့ တင်လှူပူဇော်ပေးသည်။

ထို့နောက် တိုင်းမှူးနှင့်ဇနီးတို့က ရွှေထီးတော်တင်မင်္ဂလာ အောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် ရတနာရွှေမိုးငွေမိုးရွာသွန်းပေးကာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ ရုပ်သိမ်းလိုက်သည်။

အဆိုပါ မန္တလေးမြို့ မဟာလောက မာရဇိန်ကုသိုလ်တော်ဘုရားအား ဘက်စုံပြုပြင်မွမ်းမံခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာတွင် ကုသိုလ်တော်ဘုရားဝင်း အတွင်းရှိ ဓမ္မစေတီ စုစုပေါင်း ၇၃၀ ၏ ထီးတော်များကို ရွှေထီးတော်များအဖြစ် ပြန်လည်မွမ်းမံကပ်လှူပူဇော်လျက်ရှိရာ ယနေ့အထိ စေတနာရှင် အလှူရှင်များလှူဒါန်းမှုဖြင့် ယနေ့အခမ်းအနားတွင် တင်လှူပူဇော်သည့် ရွှေထီးတော်အလက်၁၀၀အပါအဝင် စုစုပေါင်းဓမ္မစေတီ၃၀၈ဆူအတွက် ရွှေထီးတော်၃၀၈လက်လှူဒါန်းပူဇော်ပြီးဖြစ်ကြောင်းနှင့် ကျန်ရှိသော ဓမ္မစေတီ၄၂၃ဆူ အတွက် ရွှေထီးတော်များကို ဆက်လက် တင်လှူ ပူဇော်သွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ပိုင်းမော် ရွှေမုဋ္ဌောကျောင်းတိုက် ကျောင်းဆောင်သစ်ရေစက်ချ

ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အခမ်းအနားကျင်းပ

နေပြည်တော်မြို့တော် ဧပြီ ၁

ကချင်ပြည်နယ် ပိုင်းမော်မြို့နယ် ခတ်ချိုကျေးရွာ ရွှေမုဋ္ဌောကျောင်းတိုက် ကျောင်းဆောင်သစ်ရေစက်ချ မင်္ဂလာ အခမ်းအနားကို မတ်၂၀ရက် နံနက်ပိုင်းက အဆိုပါကျောင်းတိုက်၌ ကျင်းပသည်။

ဖွင့်လှစ်ပေး

အစီအစဉ်အရ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့် ဆရာတော် ဘဒ္ဒန္တ သီလဝံသ တို့က ကျောင်းဆောင်သစ်အား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေး၍ တိုင်းမှူးက ကျောင်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး တိုင်းမှူးနှင့် ဧည့်ပရိသတ်များက ဆရာတော် ဘဒ္ဒန္တ သီလဝံသထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြကာ ဆရာတော် သံဃာတော်များထံမှ မေတ္တာသုတ် ပရိတ်တော်များ နာကြားကြသည်။

ထို့နောက် တိုင်းမှူးနှင့် ဇနီး၊ တာဝန်ရှိသူများက ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းပြီး ရေစက်သွန်းချ အမျှပေးဝေကြသည်။

တက်ရောက်

မတ် ၂၄ရက် နံနက် ၉နာရီတွင် တိုင်းမှူးသည် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ကျင်းပသည့် ၂၀၀၆ခုနှစ် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အခမ်းအနားသို့ တက်ရောက်ရာ ရှေးဦးစွာ ကချင်ပြည်နယ် ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာ မောင်မောင်မြင့်က ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးထံမှ ပေးပို့သော သဝဏ်လွှာကို ဖတ်ကြားတင်ပြသည်။

ထို့နောက် တိုင်းမှူးက အမှာစကား ပြောကြားပြီး ကျန်းမာရေးအထောက်အကူပြုလုပ်ငန်းများအတွက် အသုံးပြုရန် ပြည်နယ်တီဘီရောဂါ တိုက်ဖျက်ရေးဌာနသို့ အလှူငွေများ ပေးအပ်ရာ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ ငွေကျပ်သုံးသိန်း၊ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ငွေကျပ်သုံးသိန်း၊ ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့မှ ငွေကျပ်တစ်သိန်း၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့မှငွေကျပ်တစ်သိန်း၊ မြစ်ကြီးနားခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီမှငွေကျပ်တစ်သိန်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ငွေကျပ်တစ်သိန်း၊ ကချင်အထူးဒေသ(၁)မှ ငွေကျပ်သုံးသိန်း၊ပြည်နယ်သစ်တောနှင့် သစ်ထုတ်လုပ်ရေးမှ ငွေကျပ်တစ်သိန်း တို့ကို တာဝန်ရှိသူများက အသီးသီး ပေးအပ်လှူဒါန်းကြသည်။

အခမ်းအနားအပြီးတွင် တိုင်းမှူးနှင့်တာဝန်ရှိသူများသည် ခန်းမအတွင်း ပြသထားသော တီဘီရောဂါတိုက်ဖျက်ရေး ပညာပေးပြခန်းသို့ လှည့်လည်ကြည့်ရှုအားပေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မော်တီမြို့နယ် လှပဒါး-ပေါက်ကုန်း ကျေးရွာချင်းဆက် ဂဝံလမ်းသစ် ဖွင့်ပွဲအခမ်းအနား ကိုမတ်၂၆ရက်က ကျင်းပရာ ရန်ကုန်တိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြံတိုင်းဆောင်၊ မြို့နယ်ဥက္ကဋ္ဌ ဦးဇော်မိုးနှင့်မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးမိုးကျော်တို့က လမ်းအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (မြို့နယ်စည်ပင်)

အဂ္ဂမဟာပဏ္ဍိတ

ဂုဏ်ပြုပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၁

အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ စစ်ကိုင်းတိုင်း ဝန်းသိုမြို့ ခန္တီး ပရိယတ္တိစာသင်တိုက် ပဓာနနာယက စတုတ္ထခန္တီးဆရာတော် ဘဒ္ဒန္တ ဇဝန မဟာထေရ်အား(၁၃၆၇ခုနှစ်နှောင်းတန်ခူးလဆန်း၇ရက်၊၈ရက်)ဧပြီ၄ရက်၊ ၅ရက်တွင် တပည့်ဒါယကာ၊ ဒါယိကာမများ စုပေါင်း၍ ချီးကျူးဂုဏ်ပြုပူဇာသဘင်ကို ခမ်းနားသိုက်မြိုက်စည်ကားစွာကျင်းပမည်ဖြစ်ရာတပည့်ဒါယကာ၊ ဒါယိကာမများ ကြွရောက် ကြည်ညိုကုသိုလ်ပါဝင်နိုင်ကြောင်းနှင့် ပူဇော်ပွဲကျင်းပရေးကော်မတီ ဖုန်း-၀၇၅၅၀၀(၄၂)၊ (၈၆)၊ (၆၈)၊ (၉၂)နှင့် ခန္တီးတိုက် အဝေးရောက် တပည့်များအသင်း (ရန်ကုန်)ဖုန်း-၅၆၃၀၃၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှိုးဆော်

ယခုအခါတွင် နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတုပူပြင်းလာ ပြီဖြစ်ပါသည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဓာတ်ဆားများ ဆုံးရှုံးမှုများပြားပါသည်။ထိုသို့ ဆုံးရှုံးမှုကြောင့် မိတ်နှင့် ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ် စိုးရိမ်ရသောအခြေအနေအထိ ဖြစ်တတ်ပါသည်။

သို့ဖြစ်ပါ၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များမဖြစ်ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြပါရန်နှိုးဆော်အပ်ပါသည်။

(၁) နံနက်၁၀နာရီမှ ညနေ၅နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ်စသည်တို့တွင် ရေချိုးခြင်းမှ ရှောင်ကြဉ်၍ အရိပ်ရအေးမြသော နေရာများတွင်နေပါ။

(၂) နေပူထဲမှပြန်လာပြီး ချက်ခြင်းရေချိုးခြင်းမှရှောင်ကြဉ်ပါ။

(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။

(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကိုဖြစ်ပေါ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။

(၅) နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာရရှိနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းပါ။

(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။

(၇) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။

(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆားဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်သောက်ပါ။

(၉) ကိုယ်အပူချိန်တက်ပါက ရေအေးဖတ်နိုင်နိုင်တိုက်ပါ။

(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသောနေရာမျိုး၌ နားနေပါ။

(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။

(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်ပါက နီးစပ်ရာ ကျန်းမာရေးဌာနတွင် ပြသပါ။

ကျန်းမာရေးဝန်ကြီးဌာန။

စမ်းချောင်းမြို့နယ် ကိုးထပ်ကြီးဘုရား စတုတ္ထအကြိမ် အလှူရှင်များ ဂုဏ်ပြုပွဲကို မတ်၁၃ရက်ကကျင်းပရာ ဦးမျိုးမင်း-ဒေါ်အမာကြူတို့အား အမှူးထား၍ ဆီမီးခုံကြွေပြားပါကေးနှင့် မြေစိုက်ဆိုင်းဘုတ် စုစုပေါင်း လှူဒါန်းငွေတန်ဖိုးကျပ် သုံးဆယ့်သုံးသိန်းငါးသောင်းကျော်အလှူရှင် ဦးဝင်းအောင် (မန်နေဂျာ) မြန်မာ့သစ်လုပ်ငန်း၊ ဒေါ်ခင်ထွေး၊ သား မောင်အောင်ခိုင်စည် မိသားစုတို့အား အလှည့်ကျဂေါပကအဖွဲ့က ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်စဉ်။ (၁၂၉)

ရတနာဉာဏ်ရောင်ရိပ်သာ

သင်္ကြန်၁၀ရက်တရားစခန်းပွဲ

ရန်ကုန် ဧပြီ ၁

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒေါပုံမြို့နယ် ကြည်စုရပ်ကွက်၊ မဟာစည် ရတနာဉာဏ်ရောင် ဓမ္မရိပ်သာ ကျောင်းတိုက်၌ ပဓာန နာယက ဘဒ္ဒန္တတေဇဝန္တ (ဓမ္မကထိက၊ကမ္မဋ္ဌာနာစရိယ U.S.A) ဆရာတော်နှင့် စာလေးအင်းကျောင်း ဘဒ္ဒန္တ ဣန္ဒဝံသ (ကမ္မဋ္ဌာနာစရိယ) ဆရာတော်တို့က သင်္ကြန်၁၀ ရက်စခန်းပွဲကို မဟာစည်ဆရာတော်ကြီး၏ နည်းနာနိဿယအတိုင်း ဧပြီ၈ရက်မှ ၁၇ရက်အထိ ဖွင့်လှစ်မည် ဖြစ်သည်။ စခန်းဝင်လိုသူ ယောဂီများနှင့် အရဏ်ဆွမ်း၊ နေ့ဆွမ်း ဆက်ကပ် လှူဒါန်းလိုသူများရိပ်သာ ဖုန်း-၅၄၃၃၅၅သို့ စာရင်းပေး ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

အဆင့်မြင့်တန်းကွင်းပိတ်ဘောလုံးပြိုင်ပွဲ ယှဉ်ပြိုင်ကစား ဆောက်လုပ်ရေးက တပ်မတော်(ကြည်း)ကို အချိန်ပိုဖြင့်နိုင်

ရန်ကုန် ဧပြီ ၁

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၅-၂၀၀၆ခုနှစ် ဘောလုံးရာသီအဆင့်မြင့်တန်းကွင်းပိတ်(ရှုံးထွက်) ဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃နာရီ ၄၅မိနစ်က အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဆက်လက်ကျင်းပရာ ဆောက်လုပ်ရေးအသင်းက တပ်မတော်(ကြည်း)အသင်းကို ငါးဂိုး-လေးဂိုးဖြင့် အနိုင်ရရှိသွားသည်။

ပထမပိုင်းတွင် တစ်ဖက်တစ်ဂိုးစီ သွင်းယူနိုင်ကြရာ ပွဲမှာအကြိတ်အနယ်ရှိခဲ့သည်။ ဒုတိယပိုင်း၌လည်း တစ်ဖက်နှစ်ဂိုးစီသွင်းယူကြပြန်ရာ မိနစ်၉၀ပြီးဆုံးသည်အထိ သုံးဂိုးစီသရေပွဲဖြစ်နေ၍ အချိန်ပိုမိနစ် ၃၀ ဆက်လက်ယှဉ်ပြိုင်ကြရသည်။ အချိန်ပိုတွင် ဆောက်လုပ်ရေးအသင်းက နှစ်ဂိုးသွင်းယူနိုင်ပြီး တပ်မတော် (ကြည်း)အသင်းက တစ်ဂိုးသာသွင်းယူနိုင်သဖြင့် ပွဲအပြီးတွင် ဆောက်လုပ်ရေးအသင်းက ငါးဂိုး-လေးဂိုးဖြင့် အနိုင်ရရှိသွားခြင်းဖြစ်သည်။

ဆောက်လုပ်ရေးအသင်းသည် ကွာတားဖိုင်နယ်သို့ တက်ရောက်သွားပြီဖြစ်ရာ ပြည်ထဲရေးအသင်းနှင့် စွန်ရဲအသင်းတို့၏ ပွဲစဉ်မှ အနိုင်ရရှိသည့်အသင်းနှင့် ဧပြီ၆ရက်တွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ယနေ့ပွဲ

ဧပြီ ၂ရက် **(ယနေ့)** ညနေ ၃နာရီ ၄၅မိနစ်တွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ ပြည်ထဲရေးအသင်းနှင့် စွန်ရဲအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

သန်လျင်မြို့ ဗဟိုမှူလွှန် အမက၊ ကျောင်းသား ကျောင်းသူဟောင်းများ၏ ပထမအကြိမ်မြောက် အာစရိယ ပူဇော်ပွဲကို မတ် ၂၇ရက်က ကျောင်းခန်းမ၌ ကျင်းပရာ အငြိမ်းစား ဆရာ၊ ဆရာမကြီးများအားကျောင်းသား ကျောင်းသူဟောင်းများက ပူဇော်ကန်တော့စဉ်။
(ပညာရေး)

မြန်မာနိုင်ငံပြင်ပနေရာ၌ ဗဟိုပြု၍အင်အားပြင်း ငလျင်လှုပ်

ရန်ကုန် ဧပြီ ၁

၂၀၀၆ ခုနှစ်၊ ဧပြီ ၁ ရက်နေ့ ယနေ့မြန်မာစံတော်ချိန် ညနေ ၄ နာရီ ၃၄မိနစ် စက္ကန့် ၄၀တွင် ကမ္ဘာအေး မြေငလျင်စခန်းမှ အရှေ့မြောက်ဘက် မိုင် ၁၇၀၀ခန့် ကွာဝေးသော မြန်မာနိုင်ငံပြင်ပနေရာ (တရုတ်တိုင်ပေဒေသ)ကို ဗဟိုပြု၍ အင်အား ရစ်ချ်တာစကေး ၆ဒသမ၁ အဆင့်ရှိ အင်အားပြင်းထန်သည့် မြေငလျင်တစ်ခု လှုပ်သွားကြောင်း သက်ဆိုင်ရာမှ သတင်းရရှိသည်။
(သတင်းစဉ်)

ပရီမီယာလိဂ် စနေနေ့ အရှုံးအနိုင်

ရန်ကုန် ဧပြီ ၁

မန်ယူ	**၂ - ၁**	**ဘော်လတန်**
ချယ်လ်ဆီး	**၀ - ၀**	**ဘာမင်ဂမ်**
အာဆင်နယ်	**၅ - ၀**	**အက်စ်တမ်ဗီလာ**

(မြန်မာ့အလင်း)

မလိုလားအပ်သော ဆုံးရှုံးမှုဖြစ်ပေါ် ကြေကွဲဖွယ်ရာသေကျေဆုံးရှုံးမှုများဖြစ်ပွားနေ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်

ရန်ကုန် ဧပြီ ၁

ပူပြင်းခြောက်သွေ့သော နွေရာသီသို့ရောက်ရှိနေပြီဖြစ်၍ မီးလောင်မှုကြောင့် ဆုံးရှုံးမှုများမဖြစ်ပွားစေရေးအတွက် မီးမပေါ့ဆရေး၊ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိရေးတို့ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ မီးသတ်ဦးစီးဌာနနှင့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ တို့က ပညာပေးခြင်း၊ ဆော်ဩနှိုးဆော်ခြင်းများကို ပြည်သူလူထုအတွင်း ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နေသော်လည်း လူတစ်ဦးချင်း၊ မိသားစုတစ်စုချင်း ပေါ့ဆမှုကြောင့် အချို့ဒေသများတွင် မီးလောင်မှုများ ဖြစ်ပွားခဲ့သည်ကို တွေ့ရှိရသည်။

မီးလောင်ဆုံးရှုံး

ပဲခူးတိုင်း(အနောက်) နတ္တလင်းမြို့နယ် သစ်တရာကျေးရွာ၌ မတ် ၂၇ရက် ညနေပိုင်းတွင် ဦးထွန်းဝင်း၏ နေအိမ်၌ ထမင်းအိုး တည်ရာမှ ထရံသို့ကူးစက်၍ မီးလောင်မှုဖြစ်ပွားခဲ့ရာ မီးလောင်မှုကြောင့် အိမ်ငါးလုံး မီးလောင်ဆုံးရှုံးပြီး ည၇နာရီ မိနစ်၄၀ခန့်တွင် နတ္တလင်းမြို့နယ် ရန်ကုန်-ပြည်ကားလမ်းဘေးရှိ ဦးသိန်းဇော်ပိုင် လမ်းဘေးဆီဆိုင်၌ အပူရှိန်ရှိသော သံပုံးထဲသို့ ဓာတ်ဆီထည့်ရာမှ မီးလောင်ကျွမ်းမှု ဖြစ်ပွားပြီး အဆောက်အအုံ အနည်းငယ်နှင့် ဓာတ်ဆီ ၁၅ဂါလန်ခန့် မီးလောင်သွားခဲ့သည်။

တနင်္သာရီတိုင်းမှ မြိတ်မြို့နယ် ဘုတ်ချောင်းကျေးရွာရှိ ဦးပညာသိဒ္ဓိ ဘုန်းကြီးကျောင်း၌ မတ်၂၈ရက်ညပိုင်းတွင် ဘုရားမီးပူဇော်ရာမှ မီးလောင်ကျွမ်းမှုဖြစ်ပွားပြီး ဘုန်းကြီးကျောင်း တစ်ကျောင်း မီးလောင်ဆုံးရှုံးသွားကြောင်း၊ ယင်းနေ့ ည၉နာရီခန့်တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် မန်မတီကျေးရွာ အမှတ် ၁၇၆နေ ဦးမင်းနောင်၏ နေအိမ်၌ ဖယောင်းတိုင် မီးထွန်းရာမှ မီးလောင်ကျွမ်းမှု ဖြစ်ပွားပြီး အိမ်တစ်လုံး မီးလောင်ဆုံးရှုံးသွားကြောင်း ယင်းနေ့ ည ၁၁နာရီခန့်တွင် စစ်ကိုင်းတိုင်း တမူးမြို့နယ် ဈေးတန်းရပ်ကွက် နယ်မြေ (၉) အမှတ် ၇၆၂နေ ဦးဟန်ဒိတ်ထွာ၏ နေအိမ်တွင် မီးဖိုမီးကြွင်းမီးကျန်မှ မီးလောင်မှု ဖြစ်ပွားရာ မီးဖိုဆောင်နှင့် ထရံအနည်းငယ် မီးလောင်ခံရပြီး ဒေါ်မန်လားဘုဏ်နှင့် မောင်စွမ်ခန့်ခိုင်တို့နှစ်ဦး မီးခိုးမွှန်၍ သေဆုံးသွားကြောင်း သိရသည်။

အလားတူ မတ် ၂၉ရက် မွန်းလွဲပိုင်းတွင် ကချင်ပြည်နယ် ဗန်းမော်မြို့နယ် ဟန်တဲရပ်ကွက် အမှတ် (ဟတ/၂၁၃)နေ ဦးအေးကျော်၏ နေအိမ် ဝက်စာအိုးတည်ရာမှ ထရံသို့ မီးကူးစက်လောင်ကျွမ်းရာ သက်ငယ်နှင့် ဝါးထရံအနည်းငယ် မီးလောင်ခံရကြောင်း။

မီးခိုးမွှန်သေဆုံး

မတ်၃၀ရက် ညနေပိုင်းတွင် တနင်္သာရီတိုင်း ကော့သောင်းမြို့ ရွှေဇေယျာရပ်ကွက် မြယဉ်ပုလဲလမ်း အိမ်အမှတ် ၁၁၄နေ ဦးခင်ဇော်၏ နေအိမ်အပေါ်ထပ်၌ မီးဖိုမီးကြွင်းမီးကျန်မှ မီးလောင်မှုဖြစ်ပွားရာ အဝတ်အစားများ မီးလောင်ခံရပြီး မချောစု အသက် ၂၅နှစ်နှင့် ၁၅ရက်သားအရွယ် ယောက်ျားလေး တစ်ဦး မီးခိုးမွှန်၍ သေဆုံးသွားခဲ့ရကြောင်း သိရှိရသည်။

နှိုးဆော်ထား

လူတစ်ဦးချင်း၊ မိသားစုတစ်စုချင်း၏ ပေါ့ဆမှုကြောင့် မီးလောင်မှုဖြစ်ပွားရာတွင် မလိုလားအပ်သော ပျက်စီးဆုံးရှုံးမှု၊ ဝမ်းနည်းကြေကွဲဖွယ်ရာ သေကျေဆုံးရှုံးမှုများမဖြစ်ပွားရေးအတွက် လူတိုင်း၊ မိသားစုတိုင်းက **"မီးသုံးစွဲလျှင်အသိယှဉ် ဆင်ခြင်သတိအမြဲရှိ"၊ "မီးဘေးရှောင်မလောင်ခင်တား"၊ "မြို့ရွာတစ်ခွင်သာစေချင် မီးတွင်မပေါ့နှင့်"၊ "သင့်ကြောင့် မီးမလောင်ပါစေနှင့်"** ဟူသော ဆောင်ပုဒ်များနှင့်အညီ မီးပေါ့ဆမှုမရှိစေရန် အမြဲသတိပြုပြီး မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ကြရန် မီးသတ်ဦးစီးဌာနက နှိုးဆော်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဓမ္မဒူတဇေတဝန်တောရသင်္ကြန်တရားစခန်းဖွင့်မည်

ရန်ကုန် ဧပြီ ၁

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် အောက်ဝါးနက်ချောင်းကျေးရွာ ဓမ္မဒူတဇေတဝန်တောရ ဆေကိန္ဒာရာမကျောင်းတိုက်တွင် သင်္ကြန်တရားစခန်းကို ဧပြီ၁၄ ရက်မှ၁၇ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပြီး ယောဂီဦးရေကန့်သတ်ထားပါ၍ ကြိုတင်စာရင်းပေးသွင်းထားသူများကိုသာ လက်ခံမည်ဖြစ်သည်။

တရားစခန်းဝင်ရောက်လိုသူများသည် ဧပြီ၁၄ရက် နံနက်၈နာရီထက်နောက်မကျဘဲ အရောက်လာကြရန်နှင့် ဧပြီ၆ရက်တွင် ရှိုင်းဟုပ်ကုမ္ပဏီ ဖုန်း-၅၁၄၇၆၈၊ ဓာနည်သီနောင်ဆေးဆိုင် ဖုန်း-၂၉၃၅၆၇၊ ဦးဝင်းရွှေ(မှော်ဘီ) ဖုန်း-၆၂၀၅၂၀၊ ဦးမျိုးမြင့်(ပဲခူး)ဖုန်း-၀၅၂-၂၂၁၃၆၊ ဦးသိန်းဝင်း ဗိုလ်ချုပ်(၁) ဗဟန်း ဖုန်း-၅၄၀၀၉၂၊ဦးလှကြည် ဖုန်း-၂၄၀၄၀၀ လိုင်းခွဲ(၃၀)တို့သို့ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

Lolane Whita Care အသားအရေထိန်းသိမ်းခြင်း အလှကုန်ပစ္စည်းသစ်မိတ်ဆက်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဧပြီ ၁

Grand Wynn Enterprise Ltd., Lolane မှ အသစ်ထုတ်လုပ်လိုက်သော Lolane Whita Care အသားအရေထိန်းသိမ်းခြင်းဆိုင်ရာ အလှကုန်ပစ္စည်းသစ် မိတ်ဆက်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ၂နာရီတွင် ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ်ရှိ ဝေဇယန္တာ Shopping Centre ၌ သင်္ကြန်အကြိုဖျော်ဖြေရေးအစီအစဉ်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပရာ စာနယ်ဇင်းအသီးသီးမှ ပုဂ္ဂိုလ်များ၊ အရောင်းကိုယ်စားလှယ်များ၊ အနုပညာရှင်များနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

အခမ်းအနားတွင် ထိုင်းနိုင်ငံ SC Artistry Co.,Ltd. မှ Mr. Kirapat က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး အသားအရေထိန်းသိမ်းခြင်းဆိုင်ရာပညာရှင် Mrs. Pimolrat က အသားအရေထိန်းသိမ်းပုံအဆင့်ဆင့်နှင့် Whita Care ပစ္စည်းအသုံးပြုပုံတို့ကို ရှင်းလင်းပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် အနုပညာရှင်များက Whita Care ပစ္စည်းသစ်နှင့် ပရိသတ်များကို မိတ်ဆက်ပေးသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မိုးညှင်းဝိပဿနာတိုက်သစ်အတွင်းရှိ တည်ဆောက်ဆဲ ရွှေရတု စိန်တိုးကျောင်းဆောင်တော်ကြီးအတွက် မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်၁၂၆ ဗိုလ်မင်းရောင်လမ်းနေ ကွယ်လွန်သူ ဦးသာမောင်-ဒေါ်ကြိုင်တို့ အား ရည်စူး၍ ရတနာထွန်း မိသားစုတို့မှ ဒုတိယအကြိမ် အလှူငွေ ကျပ်တစ်သိန်းကို ကျောင်းဆောင် ဖြစ်မြောက်ရေးအဖွဲ့ဝင် ဒုတိယ ဥက္ကဋ္ဌ ဦးဟုတ်ကြည်ထံသို့ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မြန်မာ့ယဉ်ကျေးမှုသင်္ကြန်

* **အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းပါ။**
* **သရုပ်ပျက်ယဉ်ကျေးမှုကို ရှောင်ကြဉ်ပါ။**
* **အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြန်မာ့ယဉ်ကျေးမှု သင်္ကြန်ဖြင့် မြှင့်တင်ပါ။**

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

ရေခဲထုပ်၊ ရေပူဖောင်း ဆပ်ပြာရည် ဂက်စ်ဘူးဖြင့် ကစားက

၁။ လက်ဝယ်တွေ့သူ - ထောင်(၁)နှစ်
၂။ ကစားသူ - ထောင်(၃)နှစ်
၃။ ထုတ်လုပ်ရောင်းချသူ - ထောင်(၅)နှစ်နှင့် ပစ္စည်းကိုသိမ်း

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

သတိ

ရန်ကုန်မြို့တော်အတွင်း ဟွန်းမတီးရ

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီ။

လေးမျက်နှာမြို့နယ်အသင်း (ရန်ကုန်)
နှစ်ပတ်လည်အစည်းအဝေးနှင့် ဂုဏ်ဝိသိဋ္ဌပူဇာပွဲကျင်းပ

ရန်ကုန် ဧပြီ ၁

လေးမျက်နှာ မြို့နယ်အသင်း (ရန်ကုန်)၏ နှစ်ပတ်လည် အစည်းအဝေးပွဲနှင့် သာသနာတော်ဆိုင်ရာ ဂုဏ်ဝိသိဋ္ဌပူဇာပွဲနှင့် ထူးချွန်သူများ ဆုပေးပွဲ အခမ်းအနားကို မတ်၂၆ရက်က အင်းစိန်မြို့နယ်အောင်ဆန်းတောရ တပ်ဦးကျောင်းတိုက် (မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ-၇၇)တွင် ကျင်းပရာ အသင်းကြီး၏ ဩဝါဒါစရိယ မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရနှင့် တာမွေမြို့နယ် ဆတ်သဖူးကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တပုညတို့ ကြွရောက် ချီးမြှင့်တော်မူကြပြီး ဗိုလ်မှူးဘထွေး(ငြိမ်း)က အမှာစကားပြောကြားကာ ၂၀၀၆ခုနှစ် သာသနာတော်ဆိုင်ရာ မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်ဆက်ကပ် လှူဒါန်းခြင်းကို အလှူခံရရှိတော်မူသော လေးမျက်နှာမြို့နယ်ဇာတိဖွား လှိုင်သာယာမြို့ အောင်ပရဟိတနှင့် ပရိယတ္တိစာသင်တိုက်ကြီး၏ ပဓာနနာယကဖြစ်တော်မူသော ဘဒ္ဒန္တသူရိယ ဆရာတော်အရှင်မြတ်အား ကြွရောက်လာသူအပေါင်းက ဂုဏ်ဝိသိဋ္ဌ မင်္ဂလာပူဇာပြုလုပ်ကြသည်။

ဆက်လက်၍ ဝိဓူရဇာတ်တော်ကြီးပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရ ဦးမိုးမင်း၊ မြန်မာအမျိုးသမီး ဘောလုံးလက်ရွေးစင် (ဂိုး) လူမှုထူးချွန်တတိယဆင့်ရ မမေခင်ယမင်း **(ယာပုံ)**၊ ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲ ရွှေတံဆိပ်ငါးဆုရှင် မောင်သက်လွင်အောင်ထွန်း၊ ရွှေတံဆိပ်လေးဆုရှင် မလွင်လွင်ချိုထွန်းနှင့် ၂၀၀၄-၂၀၀၅ခုနှစ် ပညာရည်ချွန်ဆုရရှိသူ ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ချီးမြှင့်ကြသည်။ **(က-ပ)**

စာပေပညာရှင်ကြီးများအား အိမ်တိုင်ရာရောက်ကန်တော့

ရန်ကုန် ဧပြီ ၁

မင်္ဂလာတောင်ညွန့်မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့က အသက်၇၀နှင့်အထက် စာပေပညာရှင်ကြီးများအား မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌတက္ကသိုလ်စိုးယဉ်နှင့်အမှုဆောင်အဖွဲ့သည် ကန်တော့ခံသက်ကြီးစာပေပညာရှင် ၁၂ဦးအား တစ်ဦးလျှင်ငွေကျပ် ငါးထောင်နှင့် ဆေးဝါးများကို အိမ်တိုင်ရာရောက် ယနေ့သွားရောက်ပူဇော်ကန်တော့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကမ္ဘာတစ်လွှား အားကစား

မန်စီးတီးတို့မစ်ဒယ်ဘရော့နှင့် ပွဲကျပ်ကစားရမည့် အင်္ဂလိပ်ပရီမီယာလိဂ်ပွဲစဉ် (၃၂)

လန်ဒန် ဧပြီ ၁

အင်္ဂလိပ်ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၃၂) လက်ကျန်ပွဲစဉ်များအဖြစ် မန်စီးတီးနှင့်မစ်ဒယ်ဘရော့၊ ဝက်စ်ဟမ်း နှင့်ချာလ်တန်တို့ ဧပြီ၂ရက် (ယနေ့)**တွင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ မန်စီးတီးတို့ အိမ်ကွင်း၌ ပွဲကျပ်အဖြစ် ရင်ဆိုင်ရမည်ဖြစ်သည်။**

ပရီမီယာလိဂ်ပွဲစဉ်(၃၂)အဖြစ် ဝက်စ်ဟမ်းအသင်းနှင့် ယှဉ်ပြိုင်ကစားမည့် ချာလ်တန်အသင်းအတွက် အဓိကအားထားရသူ တိုက်စစ်မှူး ဒါရင့်ဘင့် (ယာ) **ထိုးဖောက်ကစားဟန်။**
(ဓာတ်ပုံ-အင်တာနက်)

ဝက်စ်ဟမ်းနှင့်ချာလ်တန်

ခြေရည်တူသော အသင်းများ ဖြစ်သော်လည်း တိုက်စစ်အားတွင် ချာလ်တန်တို့က ပိုကောင်းနေသည်။ ချာလ်တန်တိုက်စစ်မှူး ဒါရင်ဘင့်က ယခုအချိန်အထိ တစ်ဦးတည်း ၁၆ ဂိုးသွင်းထားသလို မူရာဖီကလည်း တစ်ဦးတည်းရှစ်ဂိုး သွင်းထားနိုင်သည်။

ဝက်စ်ဟမ်းတိုက်စစ်မှူး ဟာရီဝုဒ်က တစ်ဦးတည်း ၁၄ဂိုးသွင်းထားသလို ဘီနာယွန်ကလည်း ခုနစ်ဂိုးသွင်းထားနိုင်သည်။ ဝက်စ်ဟမ်းကွင်း၌ ချာလ်တန်တို့နှင့် နောက်ဆုံးငါးပွဲ ကစားခဲ့ရာတွင် တစ်ပွဲနိုင်၊ သုံးပွဲရှုံး၊ တစ်ပွဲသရေရလဒ်ရှိထားရာ ဝက်စ်ဟမ်းတို့အိမ်ကွင်းဖြစ်သော်လည်း အသာစီးရရန် မလွယ်ချေ။ ယခုနှစ်ဘောလုံးရာသီတွင် ဝက်စ်ဟမ်းတို့ အိမ်ကွင်း ၁၅ ပွဲ ကစားခဲ့ရာ ခုနစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ ခြောက်ပွဲရှုံးမှတ်တမ်းရှိထားရာ ချာလ်တန်ကိုခက်ခက်ခဲခဲ ကစားရဖွယ်ရှိနေသည်။ **(အင်တာနက်)**

အသာစီးရနေ

သို့သော် မန်စီးတီးကွင်း၌ မစ်ဒယ်ဘရော့တို့နှင့် နောက်ဆုံးငါးပွဲ ကစားခဲ့ရာတွင် မန်စီးတီးတို့တစ်ပွဲသာ အနိုင်ရရှိထားပြီး ကျန်လေးပွဲ ရှုံးထားသည့် မှတ်တမ်းရှိနေရာ မစ်ဒယ်ဘရော့တို့က အဝေးကွင်းပင် ဖြစ်စေကာမူ စိတ်ဓာတ် အသာစီးရနေသည်။

ပရီမီယာလိဂ်ပွဲစဉ်(၃၂)အဖြစ် မစ်ဒယ်ဘရော့နှင့် ယှဉ်ပြိုင်ကစားမည့် မန်ချက်စတာစီးတီးမှ ရစ်ချတ်ဒိန်း(ဝဲ)၏ ထိုးဖောက်ကစားဟန်။ (ဓာတ်ပုံ-အင်တာနက်)

မန်စီးတီးနှင့် မစ်ဒယ်ဘရော့

မစ်ဒယ်ဘရော့တို့ အဝေးကွင်းရလဒ်မကောင်းသည်ဖြစ်ရာ မန်စီးတီးခြေကုန်ထုတ်ကစားပါက အသာစီးရဖွယ်ရှိသည်။ သို့သော် မစ်ဒယ်ဘရော့တိုက်စစ်မှူး ယာကူဘူမှာ ယခုအချိန်အထိ တစ်ဦးတည်း ၁၃ဂိုးသွင်းကာ ဂိုးသွင်းခြေ မြူးလျက်ရှိသည်။

ထို့အတူ မန်စီးတီးတိုက်စစ်မှူး ကိုးလ်ကလည်း တစ်ဦးတည်း ကိုးဂိုးသွင်းထားနိုင်သလို အသင်းလိုက်စုစည်းမှုအားကောင်းသည့် အသင်းဖြစ်ရာ မိမိကွင်း၌မစ်ဒယ်ဘရော့ကို အနိုင်ရအောင်သာ ကစားမည်ဖြစ်သည်။

မစ်ဒယ်ဘရော့၏ အားနည်းချက်မှာ နောက်တန်းဖြစ်ရာ နားလည်မှုလွဲတတ်နေသော အမှားကို မပြင်နိုင်ပါက အဝေးကွင်း၌ မစ်ဒယ်ဘရော့တို့ အခြေအနေ မကောင်းနိုင်ချေ။

မန်စီးတီးတို့ လူစုံထုတ်ပြီး ခြေကုန်ထုတ်ကစားမှသာ အခြေအနေကောင်းနိုင်မည်ဖြစ်ပြီး မစ်ဒယ်ဘရော့နှင့်ဆုံတိုင်း ရှုံးပွဲများနေမှုကို ခြေဖျက်နိုင်မည် ဖြစ်သည်။

စုစည်းတင်ပြသူ
မောင်မောင်မြင့်ဆွေ

စီးရီးအေပွဲစဉ်(၃၂)ပွဲစဉ်များဆက်လက်ကစား ဖီအိုရင်းတီးနားနှင့်ရိုးမားတို့ ယနေ့တွေ့ပြီ

ရောမ ဧပြီ ၁

စီးရီးအေဘောလုံးပွဲစဉ် (၃၂)ကို ဧပြီ ၂ရက် (ယနေ့)**တွင် ဆက်လက်ကစားမည်ဖြစ်ရာ ဖီအိုရင်းတီးနားနှင့် ရိုးမား၊ လာဇီယိုနှင့်အမ်ပိုလီတို့အပါအဝင် ပွဲပေါင်းခုနစ်ပွဲ ကစားမည်ဖြစ်သည်။**

မာကိုဒိုနာဒယ် ကစားဟန်

စီးရီးအေ ပွဲစဉ် (၃၂)အဖြစ် ရိုးမားနှင့် ကစားရမည့် ဖီအိုရင်းတီးနားအသင်းမှ မာကိုဒိုနာဒယ် (ဝဲ) **၏ ကစားဟန်။**
(ဓာတ်ပုံ-အင်တင်နက်)

ဖီအိုရင်းတီးနားနှင့်ရိုးမား

ဖီအိုရင်းတီးနားတို့ အိမ်ကွင်း နိုင်ပွဲဆက်မည့် ပွဲစဉ်ဖြစ်သည်။ဖီအိုရင်းတီးနားတို့ အိမ်ကွင်း ခြေစွမ်းထက်သည်ဖြစ်ရာ ရိုးမားတို့လက်ရှိခြေစွမ်းဖြင့် အနိုင်ရရန်မလွယ်ချေ။ ဖီအိုရင်းတီးနား တိုက်စစ်မှူးတိုနီသည် ယခုနှစ်၌ တစ်ဦးတည်း ၂၅ဂိုးသွင်းထားနိုင်ရာ စီးရီးအေ၌ သွင်းဂိုးအများဆုံးတိုက်စစ်မှူးများ၌ ပါဝင်နေသည်။

ထို့အတူ ရိုးမားတိုက်စစ်မှူး တော့တီက ၁၅ဂိုးသွင်းထားနိုင်သလို ရော့စီကလည်း ကိုးဂိုး သွင်းနိုင်သည်။

ဖီအိုရင်းတီးနားကွင်း၌ ရိုးမားနှင့် နောက်ဆုံးငါးပွဲ ကစားခဲ့ရာတွင် ဖီအိုရင်းတီးနားတို့က သုံးပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံး မှတ်တမ်းရှိနေရာ အစဉ်အလာအရ ဖီအိုရင်းတီးနားတို့ အသာရဖွယ် ရှိနေသည်။

လာဇီယိုနှင့် အမ်ပိုလီ

လာဇီယိုတို့ အမ်ပိုလီကို အနိုင်ရရန်မလွယ်ချေ။ လာဇီယိုတွင် အားထားရသူမှာ ရိုချီ တစ်ဦးတည်းသာ ရှိနေရာ ဒါဘိုမှာလည်း ဂိုးသွင်းခြေရှိသော်လည်း အမ်ပိုလီတို့နှင့် ယှဉ်လျှင် ကွာခြားချက်ရှိနေသည်။ အမ်ပိုလီ တိုက်စစ်မှူး တာဗာနိမှာ တစ်ဦးတည်း ၁၆ဂိုးသွင်းထားသလို ဖီစီနီလည်း ရှစ်ဂိုးသွင်းထားနိုင်သည်။

လာဇီယိုကွင်း၌အမ်ပိုလီနှင့်နောက်ဆုံးငါးပွဲ ကစားခဲ့ရာတွင်လာဇီယိုတို့က နှစ်ပွဲနိုင်၊နှစ်ပွဲရှုံး၊တစ်ပွဲသရေရလဒ်ရှိထားရာ လာဇီယိုတို့အကျပ်အတည်းပြန်တွေ့နိုင်သည့် ပွဲဖြစ်နေသည်။

အခြားပွဲများ

ပါလာမို	–	အက်စ်ကိုလီ
ချေယေးဗို	–	လီဗော်နို
ရက်ဂျီးနား	–	ဆီနာ
ဆမ်ဒိုးရီးယား	–	ကက်ဂလီရာရီ
အူဒီးနိစ်	–	ပါးမား

(အင်တာနက်)

မာရီယာရှာရာပိုဗာ ဒုတိယမြောက်ဖလားချိန်ပြီ

မီယာမီ ဧပြီ ၁

ရုရှားနိုင်ငံသူ တင်းနစ်အကျော် မာရီယာရှာရာပိုဗာသည် နက်စ်ဒက် ၁၀၀ အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် တစ်နိုင်ငံတည်းသူ မိုင်ရှင်းနားကို ၆-၃၊ ၆-၃ ဖြင့် အနိုင်ရပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်လာနိုင်ခဲ့သည်။

ဗိုလ်လုပွဲသို့တက်ရောက်

သူမသည် မတ်၃၀ ရက်က ဖလော်ရီဒါ၌ ကျင်းပသည့် အဆိုပါတင်းနစ် အကြိုဗိုလ်လုပွဲတွင် ပြင်သစ်နိုင်ငံသူ ဂိုလိုဗင်အား ၆-၃၊၆-၇(၅-၇)၊ ၄-၃ ဖြင့် အနိုင်ရပြီး ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ပြီ ဖြစ်သည်။

ရှာရာပိုဗာသည် လွန်ခဲ့သောသီတင်းနှစ်ပတ်က ယခုနှစ်ရာသီအတွက် ပစိဖိတ်လိုက်ဖ်အိုးပင်းဖလားကို ပူပူနွေးနွေး ဆွတ်ခူးထားသူဖြစ်သည်။ ယင်းဖလားမှာ သူမအတွက် ပထမဆုံးသော ယခုနှစ်ရာသီအတွက် ဖလားဖြစ်သည်။

ရှုံးနိမ့်သွား

အခြားအကြိုဗိုလ်လုပွဲအဖြစ် ကမ္ဘာ့နံပါတ်(၁)မော်ရက်စမိုနှင့် ရုရှားသူ ကွက်ဇ်ညက်ဆိုဗာတို့ ယှဉ်ပြိုင်ကစားကြရာ ကမ္ဘာ့နံပါတ်(၁) မော်ရက်စမိုမှာ ဒဏ်ရာကြောင့် ၆-၁၊ ၆-၄ ဖြင့် ရှုံးနိမ့်သွားပြီ ဖြစ်သည်။

ဗိုလ်လုပွဲတွင် ရုရှားနာမည်ကြီး ရှာရာပိုဗာနှင့် တစ်နိုင်ငံတည်းသူ ကွက်ဇ်ညက်ဆိုဗာတို့တွေ့ကြပြီဖြစ်သည်။



မာရီယာရှာရာပိုဗာ၏ ယှဉ်ပြိုင်ကစားဟန်။
(ဓာတ်ပုံ-အင်တာနက်)

ရှာရာပိုဗာသည် လက်ရှိအနေအထားအရ ကမ္ဘာ့အဆင့်(၄) ရှိပြီး ကွက်ဇ်ညက်ဆိုဗာမှာ ကမ္ဘာ့အဆင့်(၂) ရှိသည်။ မာရီယာရှာရာပိုဗာသည် အဆိုပါဖလားကို ယခုနှစ်၏ သူမအတွက် ဒုတိယမြောက် ဖလားဖြစ်လာဖွယ်ရှိသည်။

(အင်တာနက်)

မင်္ဂလာဆောင်ခြင်း

ဖေဖေ ဗိုလ်မှူးကြီးအေးဝင်း (ငြိမ်း) နှင့် မေမေ ဒေါ်စောသိန်း တို့၏ ၂-၄-၂၀၀၆ ရက်တွင် ကျရောက်သော (၂၆) နှစ်မြောက် မင်္ဂလာရက်မြတ်မှသည် ရွှေရတု၊ စိန်ရတုများတိုင် အေးချမ်းသာယာသော ဘဝခရီးကို ဖျော်ရွှင်စွာ လျှောက်လှမ်းနိုင်ပါစေ။

ချစ်သမီး - ဆင့်ဆင့်ဖြိုး

U S.A DIGITAL PHOTO STUDIO

လျှော်ကြီးမင်းတို့၏ ဓာတ်ပုံကိစ္စများကို ဆောင်ရွက်နိုင်ရန်
USA Digital Photo Studio အသစ်ကို
ယောမင်းကြီးလမ်း၊ တိုက်အမှတ်(၅၆)၊ အခန်း(၅) ဖွင့်လှစ်ထားပါသည်။
M3 ...
Bldg No- 56, Room No- 5, Yaw Min Gyi Street, Dagon Township, Yangon

ယောဂီဆောင်ဆောက်လုပ်ရေးလှူဒါန်းနိုင်

ရန်ကုန် ဧပြီ ၁

မြောက်ဥက္ကလာပမြို့နယ် ပုရွက်ဆိပ်ကုန်းရပ်ကွက် ဓမ္မဝိဟာရကျောင်းတိုက် မိုးကုတ်ဝိပဿနာအဖွဲ့ခွဲအမှတ်(၄၂၈)၏ တိုးချဲ့ယောဂီဆောင်နှင့် ဆွမ်းချက်ဆောင် ဆောက်လုပ်လျက်ရှိရာ ဦးကိုကိုအေး-ဒေါ်သီသီနိုင်(ဖြိုးစည်သူ ထရေးဒင်းကုမ္ပဏီလီမိတက်)က ငွေကျပ် ၁၅သိန်း၊ ဦးမြသိး-(ဒေါ်သန်းလှ) မိသားစုက ငွေကျပ် ၇၅၀၀၀၀၊ ဦးတင်မောင်-(ဒေါ်မြကြည်)မိသားစုက ငွေကျပ်သုံးသိန်း၊ ဦးလှသိန်း-ဒေါ်သိန်းအေး မိသားစုက ငွေကျပ်သုံးသိန်း၊ ဦးကိုကိုလေး-ဒေါ်မိမိအောင် မိသားစုက ငွေကျပ်သုံးသိန်း၊ ဒေါ်စမ်းစမ်းမြင့် မိသားစုက ငွေကျပ် လေးသိန်း၊ ဦးသိန်းမြင့်-ဒေါ်ငွေတင် မိသားစုက ငွေကျပ်နှစ်သိန်းနှင့် ဦးသက်ဟန်-ဒေါ်မြင့်ရီ မိသားစုက ငွေကျပ်တစ်သိန်းတို့ကို လှူဒါန်းခဲ့ကြသည်။

ဆက်သွယ် လှူဒါန်းလိုသူများသည် ကျောင်းတိုက်ပဓာနနာယက ဆရာတော် ဘဒ္ဒန္တဝိသာဒရ (သာသနဓဇ ဓမ္မာစရိယ)ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (က-ပ)

အမည်ဖြည့်စွက်ခေါ်ပါရန်

ဦးဖေသန်း၏သမီး မကေဇင်ဖြိုး ၁၂/ရကန(နိုင်)၀၀၁၅၈၈အား မကေဇင်ဖြိုး(ခ)မကေဇင်မျိုးမင်းဟု ခေါ်ပါရန်။ **မကေဇင်မျိုးမင်း။**

အမည်ပြောင်း

တောင်ကြီးမြို့ အထက(၆) တက္ကသိုလ်ဝင်တန်းမှ မပန်းနုငယ်အား နန်းသဲပွှမ်စုဟု ပြောင်းလဲခေါ်ပါရန်။ **နန်းသဲပွှမ်စု။**

ကိတ္တိမသားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ၏သား နေမျိုးသော်(ခ) ထိန်လင်းသည် မိဘအား စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုမူပါသဖြင့် အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။
ဒေါ်လှလှဝင်း
၇/ဒဥန(နိုင်)၀၃၂၆၅၇။

ဖခင်ကြီး ဦးညီညီသန့်(အင်ဂျင်နီယာမှူးကြီး)အားရည်စူး၍ အမှတ် ၆/၂ သံသုမာလမ်း စုပေါင်းအိမ်ရာ သုဝဏ္ဏနေ သမီး ဒေါ်ခင်ဆွေသန့် မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် အလှူငွေကျပ်ငါးသိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်လက်ခံယူစဉ်။ (က-ပ)

ချောင်လေဝေးဝေး
မူးယစ်ဆေး

ညောင်ဦးမြို့ သမိုင်းဝင် အုံ့ဖွယ်ကိုးစုံရွှေစည်းခုံစေတီတော်မြတ်ကြီး လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပွဲအတွက် ဗုဒ္ဓပူဇနိယ ဆီမီး၉၉၀၀အဖွဲ့(အင်းစိန်)နှင့်အမှုဆောင်များ၊ ဦးကျော်စိုးဦးနှင့်အလှူရှင်များက အလှူငွေကျပ် ၁၁၇၀၀၀ ပေးအပ်လှူဒါန်းပွဲကို မတ်၂၄ရက်က ဆီမီး ၉၉၀၀အဖွဲ့ရုံး အင်းစိန်၌ကျင်းပရာ ရွှေစည်းခုံဘုရားကြီးဂေါပကအဖွဲ့ဝင် ဦးမြဝင်း၊ ရုံးအဖွဲ့မှူး ဦးကံထွေးထံ ဆီမီး၉၉၀၀အဖွဲ့နာယက ဦးစိုးဝင်း(စဥ့်ကူစိုးဝင်း)၊ ဥက္ကဋ္ဌ ဦးဘိုကြည်(ဒေါက်တာဗိုလ်သံမဏိ-တောင်တွင်းကြီး)၊ အတွင်းရေးမှူး ဦးခင်မောင်ညွှန့် (တက္ကသိုလ်ခိုင်ထွန်း-ဖျာပုံ)နှင့် ဦးကျော်စိုးဦးတို့က ပေးအပ်လှူဒါန်းစဉ်။ (၀၄၆)

UNIQUE STAR TRAVELS & TOURS CO.,LTD
Aircon Bus, Standard Hotel, Restaurant, Medical Care, Guide Service
၁.ချောင်းသာ	Apr 4,6,7,9	(50000)
၂.ချောင်းသာ (သင်္ကြန်)	Apr 12	(90000 /120000)
၃.ငွေဆောင် (သင်္ကြန်)	Apr 12	(120000/150000)
၄.မှော်ဘီ... (သင်္ကြန်)	Apr 10,11,12	(150000)
၅.ပုဂံ (သင်္ကြန်)	Apr 13	(95000)
၆.တောင်ကြီး (သင်္ကြန်)	Apr 13	(95000)
၇.မန္တလေး (သင်္ကြန်)	Apr 13	(95000)
၈.မန္တလေးပုဂံ (သင်္ကြန်)	Apr 12	(110000)
..., 391 372, 391 373, 09 514 8079

ကျေးဇူးဆပ်ပါမည်

ကျွန်တော် Xia Xianqiang ၏ Passport number G.09986581 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
Ph:394949, 394950။

OD Tour
Apr.11,12,13,20 ... Apr.12
Apr.12,13,19,20 ... Apr.12
Apr.13,19,20 ... Apr.12
Apr.12 ... Apr.1,12,13
Apr.12

ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ည/၇၂၇၂ လက်ဝယ်ရှိသူက (ကမ-၃)မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ၁၅ရက်အတွင်း ကညန၊ပြည်နယ်ရုံး (တောင်ကြီး)သို့ဆက်သွယ်နိုင်ပါကြောင်း။
ကညန၊ပြည်နယ်ရုံး(တောင်ကြီး)။

Sunny Pick - up

Yes!! 3, 4, 18 April
Speaking, Listening, Grammar
Phonetics, Pre-inter+Intermediate

SOE FASHION HOUSE
သင်္ကြန်အထူးလျှော့ဈေး
10% to 30% Discount
1-4-2006 to 12-4-2006
125, U CHIT MAUNG ROAD, (NEAR YANKIN CENTRE) BAHAN TSP, YANGON. TEL: 543432

PEOPLE
MAKEOVER
Stars Chatroom
PEOPLE MAGAZINE April 2006

Y.E.S.
Basic Spoken English: April -18,22, 24
Academic Writing, Basic Writing: April-22,24,29
Vocabulary Enrichment Course: April - 24
Pre-Intermediate English: April - 24
Intermediate English: April - 29
Academic Preparation For IELTS (4-Skills) April-24
New SAT: April-24, TOEFL, IELTS, IWC, GFC
NO. 193, 2nd Flr, 29th St(Upper), Pabedan Tsp.

ဆရာဒွေး အင်္ဂလိပ်စာသင်တန်း
Ph- 286871

သတိ

၁။ လေပေါင် ၁၀၀ မှ ၁၅၀ အထိ အတင်အချပြုလုပ်၍ရသည့် ကွန်ပရက်ဆာပန့်များဖြင့် ရေပက်ကစားခြင်းကြောင့် ရေစူးအားပြင်းလွန်း၍ ရေပက်ခံရသူတွင် အသားရေများ ပွန်းပဲ့စုတ်ထွက်နိုင်ခြင်း၊ မျက်စိ၊ နားများအားထိုးမိပါက မျက်လုံး၊ နားကန်းနိုင်ခြင်း အန္တရာယ်ဖြစ်စေနိုင်ပါသဖြင့် ရေကစားမဏ္ဍပ်များ၊ ရေပက်ခံကားများတွင် ကွန်ပရက်ဆာပန့်များအသုံးပြု၍ ရေပက်ခြင်းမပြုရန် တားမြစ်ပါသည်။

၂။ သင်္ကြန်ရေပက်ကစားခြင်းအား သင်္ကြန်ရက်များအတွင်း နေ့စဉ် နံနက် ၀၇:၀၀ နာရီမှ ၁၈:၀၀ နာရီအတွင်းသာ ရေပက်ကစားကြရန်နှင့် ၁၈:၀၀နာရီနောက်ပိုင်း ရေပက်ကစားခြင်းမပြုရန် တားမြစ်ပါသည်။

၃။ တားမြစ်ချက်အား ဖောက်ဖျက်ပါက ထိရောက်စွာအရေးယူခံရ မည် ဖြစ်ပါသည်။

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ။

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်း၊ ပန်းဘဲတန်းမြို့နယ်၊ ကုန်သည်လမ်း၊ (၆)ရပ်ကွက်၊ အမှတ် ၆၃၈/၆၄၀ (အောင်ကြီးစတိုး)နေ ဦးမောင်မောင်တင့်၏သားကြီး မောင်ပြည့်ဖြိုးအောင်(ခ)အိမြန်း ၁၂/ပဘတ(ဧည့်)၀၀၀၇၀၈ သည် ဖခင်၏ သွန်သင်ဆုံးမမှုကို နာခံမှုမရှိဘဲ မိမိဆန္ဒအလျောက် ဖခင်ကို စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေသည့်အပြင် ဖခင်၏ ဂုဏ်သိက္ခာကို ထိပါးစေရန် ပြုလုပ်နေသည့်အတွက် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စမဆို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)
ဖခင်-ဦးမောင်မောင်တင့်(ခ)ရင်ကင်ဝှ ၈/ခမန(ဧည့်)၀၀၀၀၃၂။

KMD Computer Centre
:: I-Office :: Graphics Design :: Desktop Publishing :: Practical A+ :: AutoCAD :: LCCI Computerised Accounting :: Basic Software Engineering

သံဖြူဇရပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ထောက်ပံ့ငွေနှင့် ပြည်သူတို့ပူးပေါင်း ဆောင်ရွက်သော ကျုံကဒတ်ကျေးရွာ ပြည်တော်သာလမ်း ကတ္တရာခင်းခြင်း လုပ်ငန်း ပြီးစီးမှုအပိုင်းကို မတ် ၂၂ ရက်က မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်မောင်လွင်နှင့်အဖွဲ့ ကြည့်ရှုစစ်ဆေးစဉ်။

(မြို့နယ် စည်ပင်)

ပြည်မြို့နယ် တဲကြီးကုန်းကျေးရွာအုပ်စု ကျေးလက်လမ်းနှင့် စပါးခွံဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံဖွင့်ပွဲကျင်းပ

ပြည် မတ် ၂၇

ပဲခူးတိုင်း (အနောက်ပိုင်း) ပြည်မြို့နယ် တဲကြီးကုန်းကျေးရွာအုပ်စု တဲကြီးကုန်းရွာမှ လယ်တီစုရွာသို့ မြေနီလမ်းခင်းခြင်းနှင့် တဲကြီးကုန်းကျေးရွာ စပါးခွံဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ ဖွင့်ပွဲကို မတ် ၂၅ ရက် နံနက်က အဆိုပါကျေးရွာ၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ဆွေက ကျေးလက်ဒေသဖွံ့ဖြိုးရေး လမ်းဆောင်ရွက်မှုကို ရှင်းလင်းတင်ပြပြီး တဲကြီးကုန်းကျေးရွာအုပ်စု ဥက္ကဋ္ဌဦးကံအေးက ရပ်မိရပ်ဖများကိုယ်စား ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ခင်၊ မြို့နယ်ဥက္ကဋ္ဌဦးမြင့်ဆွေနှင့် ဦးကံအေးတို့က လမ်းကိုဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

အဆိုပါလမ်း သည် တဲကြီးကုန်းရွာမှ လယ်တီစုရွာသို့ ဆက်သွယ်သောလမ်းဖြစ်ပြီး အရှည် ၂ မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် ၃ ပေရှိကာ နိုင်ငံတော်မှ ပံ့ပိုးငွေကျပ် ၁၀ သိန်း၊ ပြည်သူလူထုမှ ထည့်ဝင်ငွေကျပ် ၁၄ သိန်း၊ စုစုပေါင်း ၂၄ သိန်းဖြင့် အကုန်အကျခံ ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။

ဆက်လက်၍ တဲကြီးကုန်းကျေးရွာ စပါးခွံဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံဖွင့်ပွဲကို နံနက် ၉ နာရီက ကျင်းပရာ ပြည်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးထွန်းအေးက အမှာစကားပြောကြား၍ မီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးကံအေးက ရပ်မိရပ်ဖများကိုယ်စား ကျေးဇူးတင်စကားပြောကြားသည်။ **(က-ပ)**

ပဲခူးဈေးဆန်လှူအသင်း အလှူပွဲကျင်းပမည်

ပဲခူး မတ် ၂၆

ပဲခူးမြို့ ဈေးကြီးဆန်လှူအသင်းကြီး၏ (၂၈) ကြိမ်မြောက်ဆွမ်းဆန်တော်ရေစက်ချ အလှူမင်္ဂလာပွဲကို အသင်းတိုက်တည်ရှိရာ သွန်းတော်မူဘုရားကြီး၏ အရှေ့ဘက်ဝင်းအတွင်းရှိ အလှူမင်္ဂလာမဏ္ဍပ်၌ ဧပြီ ၅ ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ကျင်းပမည်ဖြစ်ရာ ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် စာသင်တိုက်ပေါင်း ၉၃ တိုက်မှပဓာနနာယက ဆရာတော်များ၏ ရှေ့မှောက်တွင် မြို့နယ်အသီးသီးမှ သင်းထောက်ခွဲအမှုဆောင်လူကြီးများ မြို့နယ်မြို့ပေါ်များမှ အလှူရှင်များနှင့် အသင်းသား၊ အသင်းသူများက သံဃာတော် ၆၇၀၆ ပါးတို့အား ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး၊ ပစ္စည်း လေးပါးစုံညီစွာဖြင့် ရေစက်သွန်းချ အမျှပေးဝေ လှူဒါန်းမည်ဖြစ်ရာ လှူဒါန်းလိုသူများသည် ဈေးကြီးဆန်လှူအသင်းတိုက် ဖုန်း- ၂၁၇၉၀ သို့ ဆက်သွယ်လှူဒါန်း နိုင်ကြောင်း သိရသည်။ **(၁၇၃)**

အမြို့မြို့ အနယ်နယ် သတင်းများ

ပေါက်မြို့ နံ့သာရွာအခြေခံပညာအထက်တန်းကျောင်းခွဲ ဆိုင်းဘုတ်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁) ဒုတိယရဲမှူးခင်မောင်လတ်နှင့် မြို့နယ်ပညာရေးမှူး ဒေါ်ကြည်သိန်းတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(က-ပ)

အုတ်တွင်းမြို့နယ် အဘိုးအဘွားများအတွက် ဆေးဝါးအာဟာရနှင့် အိုင်အိုဒင်းဆားလှူဒါန်း

အုတ်တွင်း မတ် ၂၈

ပဲခူးတိုင်း အုတ်တွင်းမြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက သက်ကြီးရွယ်အို အဘိုးအဘွားများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ဆေးဝါးအာဟာရနှင့် အိုင်အိုဒင်းဆား ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို မတ် ၁၉ ရက် နံနက် ၁၁ နာရီက ဂုံမင်းသာကျေးရွာအုပ်စု သပြေတန်းကျေးရွာ အမကတွင် ကျင်းပသည်။

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်အုံးမြင့်နှင့် အဖွဲ့ဝင်များက အဘိုး ၁၅ ဦး၊ အဘွား ၁၅ဦးနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ဆေးဝါးအာဟာရနှင့် အိုင်အိုဒင်းဆားများ ပေးအပ်လှူဒါန်းကြသည်။ **(အောက်ပုံ)** **(၁၁၆)**

ရခိုင်ရိုးရာသက်ကြီးပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၁

ရွှေတိဂုံစေတီတော် ရက္ခိုင်မောင်မယ်တံမြက်စည်းလှည်းအသင်းက(၁၅) ကြိမ်မြောက် ရခိုင်ရိုးရာသက်ကြီးပူဇော်ပွဲကို နှစ်ဆန်းတစ်ရက်နေ့ (ဧပြီ ၁၇ ရက်)မွန်းလွဲ ၁ နာရီတွင် ရခိုင်ပြည်နယ်ဓမ္မာရုံ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။ အသက် (၈၀)နှင့်အထက် အဘိုး ရှင်/အဘောင် ရှင်တစ်ဦးလျှင် ကျပ် ၇၀၀၀ သတ်မှတ်ထားပါ၍ မည်သူမဆို ပါဝင်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

ကမ္ဘာ့တီဘီတိုက်ဖျက်ရေးနေ့ ကဝမြို့၌ ကျင်းပ

ကဝ မတ် ၃၀

ကဝမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကကြီးမှူး၍ ကမ္ဘာ့တီဘီတိုက်ဖျက်ရေးနေ့ အခမ်းအနားကို မတ် ၂၄ ရက်က မြို့နယ်ရုံးအစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နန်းစန်းလှိုင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာန လက်ထောက်ဆရာဝန် ဒေါ်စပယ်ဝင်းက ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး၏ မိန့်ခွန်းကို ဖတ်ကြားသည်။

ထို့နောက် အသင်းဥက္ကဋ္ဌဦးဆောင်၍ အနာကြီးရောဂါ ရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် မြို့မ(၆)ရပ်ကွက်သို့ သွားရောက်၍ တီဘီရောဂါ၊ အနာကြီးရောဂါများအကြောင်း ကွင်းဆင်းဟောပြောကြကြောင်း သိရသည်။ (၂၄၀)

ဥပဒေအကြံပေးဆွေးနွေးပွဲ ကောလင်း၌ဆွေးနွေး

ကောလင်း မတ် ၂

ဥပဒေအကြံပေး ဆွေးနွေးပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက်မွန်းလွဲ ၂ နာရီက ကောလင်းမြို့နယ် ကန်လယ်ကြီး ကျေးရွာတွင် ကျင်းပသည်။

အခမ်းအနားသို့ ကောလင်းမြို့နယ် တရားသူကြီး ဦးဇော်ညွန့်ဦး၊ အုပ်စု ဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ ကျေးရွာသူ ကျေးရွာသားများ တက်ရောက်ကြသည်။

ထို့နောက် မြို့နယ်တရားသူကြီး ဦးဇော်ညွန့်ဦးက ဥပဒေရေးရာ အကြောင်း သိကောင်းစရာများကို အကြံပေး ဆွေးနွေးဟောပြောကြကြောင်းသိရသည်။ **(၀၂၆)**

အနာကြီးရောဂါကင်းဝေးရေး အထိမ်းအမှတ်ကျင်းပ ရှေ့လုပ်ငန်းစဉ်များကို မြစ်ကြီးနား၌ ပြသရှင်းလင်း

မြစ်ကြီးနား မတ် ၁

ကချင်ပြည်နယ် အနာကြီးရောဂါကင်းဝေးရေး အထိမ်းအမှတ်နေ့ အခမ်းအနားကို ဖေဖော်ဝါရီ ၆ ရက် မွန်းလွဲ ၁ နာရီက မြစ်ကြီးနားမြို့ အထွေထွေရောဂါကုဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှင်းလင်းပြသ

အခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး၏မိန့်ခွန်းကို ကချင်ပြည်နယ် ကျန်းမာရေးဦးစီးဌာန ဦးစီးမှူးဒေါက်တာမောင်မောင်မြင့်က ဖတ်ကြားတင်ပြပြီး ကချင်ပြည်နယ်၏ အနာကြီးရောဂါအခြေအနေများနှင့် ရှေ့လုပ်ငန်းစဉ်များကို ဒေါက်တာမျိုးဝင်းက ဗီဒီယိုပရိုဂျက်တာများဖြင့် ပြသရှင်းလင်းတင်ပြသည်။

ဆုများချီးမြှင့်

ထို့နောက် အနာကြီးရောဂါကင်းဝေးရေး အထိမ်းအမှတ်အခြေခံအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများကို ပြည်နယ်အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမောင်မြို့နှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ပန်းတောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ခြံစည်းရိုးကြက်ဆူစေ့ ၆၀၀၀၊ ကိုင်းပျိုး ၄၀၀၀ ပျိုးထောင်ထားသော ပျိုးဥယျာဉ်သို့ မတ် ၂၂ ရက်က ပဲခူးတိုင်း (အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးအေးမြင့် ကွင်းဆင်းစစ်ဆေးရာအမှုဆောင်အရာရှိ ဦးအေးဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ခိုင်ထွန်းတို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

အမျိုးသမီးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဟောပြော

မိုးညှင်း မတ် ၂၀

ကမ္ဘာ့အမျိုးသမီးများနေ့ အထိမ်းအမှတ် အမျိုးသမီးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဟောပြောပွဲ အခမ်းအနားကို ကချင်ပြည်နယ် မိုးညှင်းမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ မတ် ၃ ရက်က အဆိုပါ အသင်းအစည်းအဝေး ခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်သီတာသန်းစိုးဦးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ဥပဒေအရာရှိ ဒေါ်ခင်နွဲ့ကြည်က အမျိုးသမီးများနှင့် ဥပဒေအကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ တွဲဖက် အတွင်းရေးမှူး ဒေါ်ကြည်ကြည်အေးက အမျိုးသမီးများ၏ စွမ်းဆောင်ရည်အစဉ်မြင့်မားရေးအကြောင်း သိကောင်းစရာများကိုလည်းကောင်း ဟောပြော ဆွေးနွေးကြသည်။ (၁၅၂)

ရခိုင်ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ ပညာပေးဟောပြော စစ်တွေ၌ အသိအမှတ်ပြုလွှာတံဆိပ်များပေးအပ်ပွဲ ကျင်းပ

စစ်တွေ မတ် ၁၀

ရခိုင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ အသိပညာပေးဟောပြောပွဲနှင့် အဖွဲ့ဝင်ခွင့် အသိအမှတ်ပြုလွှာတံဆိပ်များ ပေးအပ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ၁၅ရက် မွန်းလွဲ၂နာရီက စစ်တွေမြို့ အကျဉ်းဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ရခိုင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကြည်ကြည်ဝေ**(ဝဲပုံ)**က အဖွင့်အမှာစကားပြောကြားပြီး စည်းရုံးရေး ဌာနခေါင်းဆောင် ဒေါ်မူမူအေးက စည်းရုံးရေးလုပ်ငန်း တာဝန်များဆောင်ရွက်နေခြင်းအကြောင်းကိုလည်းကောင်း၊ လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ခေါင်း ဆောင် ပြည်နယ်အထူးကုဆရာဝန်ကြီး ဒေါက်တာဒေါ်ယဉ်ယဉ်က အမျိုးသမီးများ ပါဝင်ဆောင်ရွက်သည့် တီဘီရောဂါနှင့် DOTS ဆေးတိုက်ကျွေးခြင်း အကြောင်းကိုလည်းကောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်သန်းသန်းဝင်းက ပတ်ဝန်းကျင်ထိန်းသိမ်းရေးတွင် လူမှုရေးအသင်းအဖွဲ့များ၏ ပါဝင်ဆောင်ရွက်မှုအကြောင်းကိုလည်းကောင်း ဟောပြောဆွေးနွေးကြသည်။

ပေးအပ်

ဆက်လက်၍ စစ်တွေမြို့ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးကြည်က အမျိုးသမီးရေးရာအဖွဲ့ဝင်ခွင့် အသိအမှတ်ပြုလွှာနှင့်တံဆိပ်များကို စစ်တွေအကျဉ်းထောင် တာဝန်ခံအရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးဝင်း၏ဇနီး ဒေါ်သန်းသန်းဝင်းထံသို့ ပေးအပ်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ကျောက်တော်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ကြီးမှူး ဝတ်စားဆင်ယင်ထုံးဖွဲ့မှုနှင့် ဆံကေသာ အလှပြိုင်

ကျောက်တော် မတ် ၂၀

ကျောက်တော်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ အထိမ်းအမှတ်အဖြစ် ဝတ်စားဆင်ယင်ထုံးဖွဲ့မှုနှင့် ဆံကေသာအလှပြိုင်ပွဲ အခမ်းအနားကို မတ် ၈ရက် ညနေ ၇နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ကစ္စပနဒီခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်ရာပြည့်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

ဆုများပေးအပ်

ထို့နောက် ပြိုင်ပွဲတွင် ဝတ်စားဆင်ယင်ထုံးဖွဲ့မှုနှင့် ဆံကေသာအလှပြိုင်ပွဲဝင် အမျိုးသမီးများ ဝင်ရောက်ယှဉ်ပြိုင်ကြရာ ပြိုင်ပွဲအပြီးတွင် ဆုရရှိသူများကို တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြောင်း သိရသည်။**(အောက်ပုံ)**

(မြို့နယ်အမျိုးသမီးရေးရာ)

ပင်လုံမြို့ အမှတ် (၃) ရပ်ကွက်နှင့် အမှတ် (၄)ရပ်ကွက် ပြည်သူများ ပူးပေါင်းဆောင် ရွက်သော ရွှေဖီလမ်း ကတ္တရာလမ်းသစ် ဖွင့်ပွဲ အခမ်းအနားကို မတ် ၂၃ ရက်က လမ်းထိပ် မုခ်ဦး၌ ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးတင်ငွေ၊ လွိုင်လင်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဗိုလ်မှူးအေးမောင်ကြည်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန့်ဇင်သိန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ငပုတောမြို့နယ် အုန်းပင်စု-ကံစု ကျေးရွာချင်းဆက်လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၂၃ရက်က ငပုတောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ငွေးနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးသူရလွင်တို့က ကျေးရွာတာဝန်ရှိ ပုဂ္ဂိုလ်များနှင့်အတူ ကြည့်ရှုကြီးကြပ်ပေးစဉ်။ (မြို့နယ် စည်ပင်)

မင်းဘူး ဈေးအရှေ့ဘက်လမ်း ကတ္တရာလမ်းသစ်ဖွင့်

မင်းဘူး မတ် ၂၅

မင်းဘူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးခဲ့သော ဈေးအရှေ့ဘက်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို မတ် ၁၉ရက်က အဆိုပါလမ်းသစ်မုခ်ဦးထိပ်၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်လွင်က လမ်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး ဇော်သိန်း၊ မကွေးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးညိုဝင်းမြင့်၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်သူရတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ အဆိုပါ ကတ္တရာလမ်းသစ်သည် အရှည်ပေ ၉၅၀၊ အကျယ် ၁၂ပေရှိပြီး ငွေကျပ်၃၁၃၉၀၀၀ဖြင့် အကုန်အကျခံဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(နယ်စပ် /စည်ပင်)**

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေးပညာပေး

ကျောင်းကုန်း မတ် ၃၀

မော်တော်ယာဉ်များ၊ ထော်လာဂျီယာဉ်များ၊ ဆိုင်ကယ်များနှင့် အနေးယာဉ်များအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာရေး ပညာပေးဟောပြောပွဲကို မတ် ၂၃ရက် နံနက်၁၀နာရီက ရောဝတီတိုင်း ကျောင်းကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမတွင် ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဉာဏ်လှိုင်က အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ခင်မောင်အေးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ကျော်မိုးတို့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကိုလည်းကောင်း၊ မြို့နယ်တရားသူကြီး ဦးမြင့်စိုးက လမ်းစည်းကမ်းနှင့် ဥပဒေအကြောင်းကိုလည်းကောင်း ရှင်းလင်းပြောကြားကြသည်။

(အောက်ပုံ)(၂၆၅)

မြန်မာ့အသံ

၃-၄-၂၀၀၆ (တနင်္လာနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ ပုဗ္ဗဏှသုတ်)

နေ့လယ်ပိုင်း

၁၁း၁၅ စက်မှုစွမ်းအား ခေတ်ကျော်လွှား (တောင်ဒဂုံစက်မှုဇုန်က ဖယောင်းတိုင်စက်ရုံအကြောင်း)

၁၁း၄၀ သုတစုံစွာ သိမှတ်စရာ (ကျန်းမာရေးအကြောင်း သိကောင်းစရာတချို့- သိပ္ပံမှူးတင်)

၁၂း၀၀ တစ်ပတ်အတွင်း သတင်းပဒေသာ (ပြည်တွင်း)

၁၂း၂၅ အားကစားသတင်းပဒေသာ

ညနေပိုင်း

၁၇း၃၀ တစ်ပတ်အတွင်း သတင်းပဒေသာ (ပြည်တွင်း)

၁၇း၄၀ မှတ်ဖွယ်မှတ်ရာသုတအဖြာဖြာ (ပျားရည်အစွမ်းသတ္တိ- ဦးမြသောင်း-မန္တလေး)

၁၈း၄၅ အင်္ဂလိပ်စကားပြောကြမယ် (ရွှေမင်းဝန် ဦးဘုန်းမြင့်)

၁၉း၁၅ ဆိုင်းအဖွဲ့ (အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဆုရ မန္တလေးတိုင်းမှ မောင်မိုးကျော်ဆိုင်းအဖွဲ့နှင့် မောင်နေမျိုးလွင်ဆိုင်းအဖွဲ့)

၂၀း၃၀ မေတ္တာလက်ဆောင်ရ သင်္ကြန်တေးစီးရီး(ရွှေတောင်ပံ တေးထုတ်လုပ်ရေးမှ မေတ္တာလက်ဆောင်ပေးပို့သည့် ပိတောက်တစ်ခက် ချစ်သက်လက်ဆောင်တေးစီးရီး)

ရွှေတောင်မြို့ ဆေးရုံလမ်းကတ္တရာလမ်းသစ်ဖွင့်

ရွှေတောင် မတ် ၃၀

ရွှေတောင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သည့် ဆေးရုံလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို မတ်၂၅ရက်နံနက်၈နာရီက အဆိုပါလမ်းရှိ မင်္ဂလာမုခ်ဦးတွင်ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးသန်းမြင့်နှင့်အဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးသန်းဦးနှင့် ဝန်ထမ်းများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် အငယ်တန်းအင်ဂျင်နီယာ(၂)ဦးကျော်လွင်က လမ်းနှင့်ပတ်သက်၍ရှင်းလင်းတင်ပြပြီး ပြည်သူများကိုယ်စား မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးထွန်းထွန်းဝင်းက ကျေးဇူးတင်စကားပြောကြားကာ လမ်းကို မြို့နယ်ဥက္ကဋ္ဌဦးသန်းမြင့်နှင့်အမှုဆောင်အရာရှိ ဦးသန်းဦးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။**(အပေါ်ပုံ)**

(မြို့နယ် ပြန်/ ဆက်)

အားကစားဝန်ကြီးဌာန
အားကစားနှင့်ကာယပညာဦးစီးဌာန
အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်/မန္တလေး)
အားကစားနှင့်ပညာရေးပေါင်းစပ်သင်တန်းနှင့်
အားကစားလေ့ကျင့်ရေးသင်တန်း
သင်တန်းသားလျှောက်လွှာခေါ်ယူခြင်း
(ကြော်ငြာ)

၁။ ၂၀၀၆-၂၀၀၇ ပညာသင်နှစ်အတွက် ၂၀၀၆ခုနှစ်၊ ဇွန်လမှစတင်၍ အားကစားနှင့်ကာယပညာ သိပ္ပံ(ရန်ကုန်)နှင့်အားကစား နှင့်ကာယပညာသိပ္ပံ (မန္တလေး)တို့တွင် အားကစားနှင့်ပညာရေးပေါင်းစပ်သင်တန်းနှင့် အားကစား လေ့ကျင့်ရေးသင်တန်းများကို တက်ရောက်ရန် အောက်ဖော်ပြပါ အရည်အချင်း သတ်မှတ်ချက်နှင့်ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်။

(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ၁-၆-၂၀၀၆ရက်တွင် အခြေခံပညာအလယ်တန်းအတွက် အသက် (၁၅)နှစ်ထက် မကြီးသူ၊ အခြေခံပညာအထက်တန်းအတွက် အသက် (၁၇)နှစ်ထက် မကြီးသူဖြစ်ရမည်။ အားကစားနှင့်ပညာရေးပေါင်းစပ်သင်တန်း တက်ရောက်လိုသူများအတွက် သတ်မှတ်ချိန်အတိုင်း အားကစားလေ့ကျင့်ပြီး သတ္တမတန်းမှ ဒသမတန်းအထိ ပညာသင်ကြားပေးမည်ဖြစ်ပါသည်။

(ဂ) အားကစားလေ့ကျင့်ရေး သင်တန်းအတွက် ပညာသင်ကြားရေးမပါ အားကစား လေ့ကျင့်ရေးသီးသန့်ဖြစ်ပြီး အလယ်တန်းပညာ အဆင့်ရှိ၍ ၁-၆-၂၀၀၆ရက်တွင် အသက် (၁၆)နှစ်မှ (၂၀)နှစ်အတွင်းရှိ အနည်းဆုံးအရပ် ၅ပေ၊ ၆လက်မ နှင့်ကိုယ်အလေးချိန် (၁၁၀)ပေါင်ရှိသူ၊ အနည်းဆုံးသက်တမ်းအလိုက် ပြည်နယ်၊တိုင်းအဆင့်အထိ ကစားဖူးသူများဖြစ်ရမည်။

၂။ အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်) အတွက်

(က) လေ့ကျင့်ပေးမည့် အားကစားနည်းများ (၁၄)မျိုး- ဘောလုံး၊ ဘော်လီဘော၊ ပြေးခုန်ပစ်၊ ရေကူး၊ အလေးမ၊ ကျွမ်းဘား၊ လက်ဝှေ့၊ ဂျူဒို၊ မြားပစ်၊ ဝူရှူး၊ ကြက်တောင်၊ တိုက်ကွမ်ဒို၊ တင်းနစ်၊ ပိုက်ကျော်ခြင်း။

(ခ) အကျုံးဝင်သောနေထိုင်ရာပြည်နယ်နှင့်တိုင်းများ- ကယား၊ ကရင်၊ တနင်္သာရီ၊ပဲခူး၊ မွန်၊ ရခိုင်၊ ရန်ကုန်နှင့်ဧရာဝတီ

၃။ အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)အတွက်

(က) လေ့ကျင့်ပေးမည့်အားကစားနည်းများ (၁၀)မျိုး - ဘောလုံး၊ ဘော်လီဘော၊ ပြေးခုန်ပစ်၊ ရေကူး၊ လက်ဝှေ့၊ အလေးမ၊ ကျွမ်းဘား၊ ဝူရှူး၊ ပိုက်ကျော်ခြင်း၊ တင်းနစ်။

(ခ) အကျုံးဝင်သောနေထိုင်ရာပြည်နယ်နှင့်တိုင်းများ-ကချင်၊ချင်း၊ စစ်ကိုင်း၊ မကွေး ၊မန္တလေး၊ ရှမ်းပြည်နယ်၊ (မြောက်ပိုင်း၊ တောင်ပိုင်း၊ အရှေ့ပိုင်း)

မှတ်ချက်။ ။ (၁) လျှောက်ထားသူသည် အားကစားနည်းတစ်မျိုးကိုသာ လျှောက်ထားခွင့်ရှိသည်။

(၂) ဘောလုံးအားကစားနည်းအတွက် ထူးချွန်အဆင့်ရှိသူများကိုသာ ရွေးချယ်မည်။

(၃) အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)တွင် လေ့ကျင့်သင်ကြားပေးခြင်းမရှိသော မြားပစ်၊ ကြက်တောင်၊ ဂျူဒို၊ တိုက်ကွမ်ဒို အားကစားနည်း(၄)မျိုးအတွက်ပြည်နယ်/တိုင်းအားလုံးမှ လျှောက်ထားနိုင်ပါသည်။

၄။ လျှောက်ထားသည့် အားကစားနည်းအလိုက် အားကစားအဆင့်နှင့် ကျွမ်းကျင်မှုကို စစ်ဆေးခံရမည့်အပြင် ကြံ့ခိုင်စွမ်းရည်စစ်ဆေးချက် (၅)ရပ် (ကျား/မ မီတာ၁၀၀ အပြေး၊လက်ထောက်တွန်းတင်၊ အိပ်ထ မတင်၊ ရပ်လျက်အလျားခုန်၊ ကျားမီတာ ၈၀၀၊ မမီတာ ၄၀၀ အပြေး)ကို လျှောက်ထားသူတိုင်း စစ်ဆေးခံရမည်။ (ကြိုတင်လေ့ကျင့်ထားရန် လိုအပ်ပါသည်။)

၅။ လျှောက်လွှာပုံစံများကို သက်ဆိုင်ရာပြည်နယ်/တိုင်း၊ ခရိုင်၊ မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနရုံးများတွင် ရယူနိုင်ပါသည်။

၆။ (က) အားကစားနှင့်ပညာရေးပေါင်းစပ်သင်တန်းအတွက် ပညာအရည်အချင်းနှင့် အသက်အတွက် သက်ဆိုင်ရာကျောင်းအုပ်ကြီး၏ ထောက်ခံစာ၊

(ခ) အားကစားလေ့ကျင့်ရေးသင်တန်းအတွက် အသက်အတွက် မွေးစာရင်း၊ အိမ်ထောင်စုဇယား၊ နိုင်ငံသားစိစစ်ရေးကတ်ပြားပါ အသက်အထောက်အထားနှင့် အားကစား အရည်အချင်းအတွက် သက်ဆိုင်ရာပြည်နယ်/တိုင်း အားကစားနှင့်ကာယပညာဦးစီးဌာန၊ မြို့နယ်အားကစားနှင့်ကာယပညာ ဦးစီးဌာနများ၏ ထောက်ခံချက်ပါရှိရမည်။

၇။ သင်တန်းဝင်ခွင့်လျှောက်လွှာပုံစံများကို ထောက်ခံစာများနှင့်အတူ သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်းအားကစားနှင့်ကာယပညာဦးစီးဌာန ရုံးများသို့ ပေးပို့ရမည်။

၈။ အသေးစိတ်သိရှိလိုပါက အားကစားနှင့်ကာယပညာ သိပ္ပံ(ရန်ကုန်) တယ်လီဖုန်းအမှတ်(၀၁-၅၅၄၇၂၁)၊ အားကစားနှင့်ကာယပညာသိပ္ပံ (မန္တလေး)တယ်လီဖုန်းအမှတ် (၀၂-၈၀၉၃၆)နှင့်ပြည်နယ်/တိုင်း၊ ခရိုင်၊ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနရုံးများသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ကိုခုပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
မန္တလေးခရိုင်တရားရုံး၌
၂၀၀၆ခုနှစ် တရားမကြီးမှု အမှတ် - ၂၄

ဦးတင်ဝင်း	**နှင့်**	၁။ ဦးခင်မောင်အေး(ခ)ဘာဘူ ၂။ ဦးဇော်မင်းထွန်း
တရားလို		**တရားပြိုင်များ**

၁။ ဦးခင်မောင်အေး(ခ)ဘာဘူ ၃၈ x ၃၉ လမ်းကြား၊ ၇၄ x ၇၅ လမ်းကြား စကြ်ာနွယ်စဉ် ရပ်ကွက်၊ မဟာအောင်မြေမြို့နယ် မန္တလေးမြို့။

၂။ ဦးဇော်မင်းထွန်း အကွက်အမှတ်(၂၁၄)၊ သီရိမာလာအနောက်ရပ်ကွက် အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ယ/၈၄၀၄၁ မော်တော်ဆိုင်ကယ်သည် တရားလိုပိုင်ဆိုင်ကြောင်း ကြေညာပြဋ္ဌာန်းပေးရန်နှင့် လက်ရောက်ရလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၀၆ခုနှစ် ဧပြီလ(၁၂)ရက်နေ့ မွန်းမတည်မီ ၁၀ နာရီအချိန်တွင် အထက်က အမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွက် သင်မလာ မရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်၊ စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၀၆ခုနှစ် မတ်လ ၁၇ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေး လိုက်သည်။

တင်ငွေ
ဒုတိယခရိုင်တရားသူကြီး(၇)၊
မန္တလေးခရိုင်ရုံး၊ မန္တလေးမြို့။

ငြင်းချက်ထုတ်ရန် သမ္မန်စာ
(တရားမကျင့်ထုံး ကိုခုပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
မန္တလေးတိုင်းတရားမရုံး၌
၂၀၀၆ ခုနှစ် တရားမကြီးမှု အမှတ်-၁၈၂

ဦးခေါင်ခမ်း	**နှင့်**	၁။ ဦးဟန်ရှိန် ၂။ ဦးတွမ်ရွှေလူ
တရားလို		**တရားပြိုင်**

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ၁၆ လမ်း၊ ၈၂X၈၆ လမ်းကြားနေ ဦးဟန်ရှိန် (ယခု နေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ ဦးခေါင်ခမ်းက ဂရန်စာချုပ်မူရင်းနှင့် ပိုင်ဆိုင်အကျိုးခံစားခွင့် စာရွက်စာတမ်းများ ပြန်လည်ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် အမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၀၆ ခုနှစ် ဧပြီလ ၇ ရက် (၁၃၆၈ ခုနှစ် တန်ခူးလဆန်း ၁၀ ရက်) နေ့ မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၀၆ ခုနှစ် မတ်လ ၂၄ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

သက်စိုးအောင်
တွဲဖက်တိုင်းတရားသူကြီး(၇)
မန္တလေးတိုင်းတရားရုံး။

မွေးနေ့ဆုတောင်း

ချစ်သောတူမလေး **မိုးဦးကြို**၏ ၂-၄-၂၀၀၆ရက်တွင် ပြည့်မြောက်သော (၆)နှစ်ပြည့် မွေးနေ့မင်္ဂလာရက်မြတ်မှ လာမည့်အနာဂတ် နှစ်များစွာတိုင် ကျန်းမာပျော်ရွှင်စွာဖြင့် လိမ္မာယဉ်ကျေးသော သမီးကောင်းရတနာ တစ်ဦးအဖြစ် ဖေဖေ၊ မေမေတို့အား စိတ်ချမ်းသာမှု အပြည့်ပေးနိုင်ပါစေ။

ချစ်သော အန်တီလေး၊ နီလာလွင်
ချစ်သော ဦးဦး၊ နိုင်အောင်ချစ်။

ကြော်ငြာစာ

မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် မြို့သစ်(၃)ရပ်ကွက် အကွက်အမှတ် (ဈ-၇)၊ ဦးပိုင် အမှတ်(၇-က)မြေကွက်အား ဦးဝင်းမောင် မှတ်ပုံတင်အမှတ် ၉/မရတ(နိုင်)၀၅၉၉၅၈မှ အမှုတွဲအမှတ် ၁၈၉၁၊၂၀၀၅-၂၀၀၆ဖြင့် မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဂရန်မိတ္တူ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **ဌာနမှူး**
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

ရန်ကုန်မြို့ လှိုင်သာယာမြို့နယ် ဂန္ဓမာ(၈)လမ်း အမှတ် ဒီ-၂၀ တည်ရှိရာ အိမ်နှင့် မြေနှင့်ပတ်သက်၍ ဒေါ်ခင်မျိုးအေး ၁၂/စခန(နိုင်)၀၁၂၃၀၅ နှင့် အများသိစေရန်

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာလမ်း အမှတ် ၁၄၅/စီ နေ ဒေါ်မင်နီစိုးရင် ၁၂/မရက(နိုင်)၁၉၀၅၀၂ ၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ဒေါ်ခင်မျိုးအေးနှင့် ဒေါ်မင်နီစိုးရင်တို့ချုပ်ဆိုခဲ့သော ၃-၂-၂၀၀၆ ရက်နေ့စွဲပါ နှစ်ဦးသဘောတူ အိမ်၊ မြေ အရောင်းအဝယ် စရန်ပေးကတိစာချုပ်အရ ဒေါ်ခင်မျိုးအေးမှ သတ်မှတ်ထားသော နေ့ရက်တွင် သတ်မှတ်သော အရစ်ကျငွေများကို ပေးချေရန် ကတိများ ပျက်ကွက်ခဲ့သဖြင့် ယနေ့မှစ၍ အဆိုပါ ကတိစာချုပ်အား ဒေါ်မင်နီစိုးရင်မှ ပယ်ဖျက်လိုက်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-
ဦးစိုးဝင်း၊ B.A (Law), LL.B
တရားရုံးချုပ်ရှေ့နေ(၂၄၂၉)၊
အမှတ် (၉/၁၁)အခန်း ၁၀၁ စီ၊
ပထမထပ်၊ ၃၆ လမ်း(လမ်းတို)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇ခ/၂၀၁၇ မော်တော်ယာဉ်လက်ဝယ်ရှိသူက မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လို သူများသည် သတင်းစာတွင် ကြော်ငြာ ပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကညန၊တိုင်းရုံး (ရန်ကုန်) သို့ လာရောက် ဆက်သွယ်ပါရန်။

ကညန၊ရန်ကုန်တိုင်း။

အထူးသတိ-အမျိုးသမီးများ ဤကြော်ငြာကို ဖတ်ဖြစ်အောင်ဖတ်ပါ

လိပ်ခေါင်း၊ ဂရင်ဂျီနာ၊ စအိုနာ၊ အကျိတ်ဖြစ်သူများ

ပင်မဝိဇ္ဇာ သမားတော်ကြီး၊ လိပ်ခေါင်း၊ ဂရင်ဂျီနာ အထူးကု၊ ဖုန်း-၀၉-၅၁၁၆၀၄၁

စအိုနှင့် စအိုပတ်ဝန်းကျင်တွင် ဖြစ်သော အောက်ပါရောဂါများ အမြန်စမ်းသပ်ခံယူပါ။ ရောဂါရင့်က **(စအိုပိတ်၍ စအိုကင်ဆာဖြစ်မည်။ စအိုပိတ်က ဝမ်းဗိုက်ဖောက်၍ ဝမ်းသွားရမည်။ ထို့ကြောင့် စအိုပိတ်က အသက်အန္တရာယ်ရှိသည်။)** လိပ်ခေါင်းအပြင်စူထွက်။ ပူစပ်၊နာ၊အောင့်၊ကိုက်၊ ဝမ်းသွားမရ၊ ဝမ်းကျန်၊ အတွင်းလိပ်ခေါင်း၊ စအိုဝတစ်ဆို့၊ ဝမ်းသွားခက်၊ သွေးပြည်အချွဲထွက်၊ စအိုအဖုအသီး၊ (ဂရင်ဂျီနာ၊ သွေးပြည်ထွက်၊စအိုကျဉ်း၊ စအိုပိတ်ရောဂါများ **မခွဲမဖြတ်၊ ဝမ်းဗိုက်မဖောက်၊ မပူမစပ်မနာ အလုပ်မပျက်** ကုသပေးမည်။ သက်သာရမည်။ ရောဂါနုလျှင် (၃)ရက်နှင့် အမြစ်ပြတ်ပျောက်မည်။ ရာသက်ပန် ပြန်မဖြစ်စေရ၊ အမျိုးသမီးများ ရင်သားကင်ဆာနှင့် စအိုဝအသီးအကျိတ်နှင့် အသားပိုများတွေ့က အမြန်ကုသမှုခံယူပါ။ အန္တရာယ်ကြီးသည်။ **(ဝါရင့်ဆရာမရှိသည်)**

အထူးအစီအစဉ်-

ယောကျ်ား ကာလသားရောဂါများ ကုသပေးမည်။

ပင်မဝိဇ္ဇာ-အမှတ် ၂၇၃၊ ရွှေဘုံသာ အလယ်လမ်း၊ နေဇာဆေးခန်းအပေါ်ထပ်၊ရန်ကုန် (တစ်နေကုန် ဖွင့်သည်။)

မကွေးတိုင်း မင်းလှမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးသော လုပ်သားလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို မတ် ၁၉ ရက်က လမ်းသစ်မုခ်ဦးထိပ်၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းထွန်း၊ အမှုဆောင်အရာရှိ ဦးခင်မောင်ထွေးနှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးလှစိုးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် စည်ပင်)

တိုက်ကြီးမြို့ သန့်ရှင်းသာယာလှပရေးနှင့် အမှိုက်ကင်းမဲ့ဇုန် စီမံချက်အရ ဖေဖော်ဝါရီ ၁၈ ရက်က ဈေး၊ ရပ်ကွက်၊ ဌာနလမ်း လမ်းဘေးဝဲယာ ရေနုတ်မြောင်း ရေစီးရေလာကောင်းမွန်ရေးနှင့် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ စုပေါင်းဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးတင်ဝင်းနှင့် တာဝန်ခံ အင်ဂျင်နီယာမှူး ဦးအောင်ထွန်းတို့ ကြီးကြပ်ပေးစဉ်။ (မြို့နယ် စည်ပင်)

စစ်ကိုင်းတိုင်း မြောင်မြို့ မြို့မဈေးကြီး အတွင်းအပြင်သန့်ရှင်းရေးဆောင်ရွက်မှုကို ဖေဖော်ဝါရီ ၂၈ရက်က မြို့နယ်ဥက္ကဋ္ဌ ဦးကိုကိုဇော်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်ဦးနှင့် မြို့နယ်ကျန်းမာရေး ဦးစီးဌာန ဦးစီးမှူး ဒေါက်တာတင်မောင်ဦးတို့က ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ် စည်ပင်)

ဒလမြို့နယ် ကျန်းမာရေးအဆင့်အတန်းမြင့်မားရေးနှင့် လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေးအတွက် သံဃာဆေးကုသဆောင်နှင့် ကတ္တရာလမ်းသစ်ဖွင့်လှစ်ပေး

ရန်ကုန် ဧပြီ ၁

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ် ကမာကသွယ် ရပ်ကွက်ရှိ ကျန်စစ်သားလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲသို့ တက်ရောက်အားပေးပြီး ဒလမြို့နယ် ပြည်သူ့ဆေးရုံဝင်းအတွင်းရှိ သံဃာဆေးကုသဆောင် ကမ္ပည်းမော်ကွန်းကျောက်စာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ကြည့်ရှုစစ်ဆေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့နံနက် ၇နာရီတွင် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းတို့နှင့်အတူ ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ နန်းသီတာ ဆိပ်ကမ်းသို့ ရောက်ရှိကြပြီး ဆိပ်ကမ်းအဆောက်အအုံအတွင်း ခင်းကျင်းပြသထားသော ရန်ကုန်တိုင်း ဟင်းသီး ဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်၊ ငါးမွေးမြူရေး အထူးဇုန်မှ စိုက်ပျိုးထွက်ရှိသည့် ငွေကျပ် ၁၀တန် မုန်လာဥ၊ ကန်စွန်းရွက်၊ ချဉ်ပေါင်ရွက်၊ ရုံးပတီသီးနှင့် ဆူးပုပ်ရွက်၊ ဘူးရွက်နှင့် ပဲတောင့်ရှည်သီးများကို ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၉ ကော်လံ ၁ ■

စက်ခလုတ်နှိပ်ဖွင့်လှစ်ပေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ဒလမြို့နယ် ပြည်သူ့ဆေးရုံဝင်းအတွင်းရှိ သံဃာဆေးကုသဆောင် ကမ္ပည်းကျောက်စာကို စက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေ စိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နေပြည်တော်မြို့တော် သာသာယာယာ

နေပြည်တော်မြို့တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ (ဧပြီ ၂ ရက်)၌ အများအားဖြင့် သာယာမည်။

တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် ဝန်ကြီး ဦးအောင်သောင်း ရှမ်းပြည်နယ် (တောင်ပိုင်း) ဒေသထွက်ကုန်တိုးမြှင့်ထုတ်လုပ်ရေး ဒေသခံတောင်သူများနှင့် တွေ့ဆုံဆွေးနွေးမှာကြား

ရန်ကုန် ဧပြီ ၁

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် ယမန်နေ့ နံနက် ၉နာရီခွဲတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ် လိန်ကီကျေးရွာ ပျဉ်းမနား– ပင်လောင်းလမ်း မိုင်တိုင်အမှတ် (၄၇/၃)သို့ ရောက်ရှိပြီး ဒေသဖွံ့ဖြိုးရေးအတွက်လည်းကောင်း၊ ဒေသသီးနှံ ထွက်ကုန်များ လျင်မြန် မြန်ဆန်စွာ ပြည်နယ်နှင့်တိုင်းများသို့ ပေးပို့ရန် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရေးအတွက်လည်းကောင်း၊ ပေါင်းလောင်းချောင်းဖြတ် ကြိုးတံတား တည်ဆောက်မည့်နေရာကို ကြည့်ရှုစစ်ဆေးရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ဒုတိယအင်ဂျင်နီယာမှူးကြီးဦးဝင်းဖေက တံတားတည်ဆောက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဒေသခံများနှင့်တွေ့ဆုံ

နံနက်၁၁နာရီတွင် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းတို့သည် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် ပင်လောင်းမြို့ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ပင်လောင်းမြို့နယ် နောင်တရားမြို့နယ်နှင့် ဖယ်ခုံမြို့နယ်များရှိ ဌာနဆိုင်ရာများ၊ ဒေသခံများ၊ တောင်သူများနှင့် တွေ့ဆုံသည်။

စာမျက်နှာ ၇ ကော်လံ ၁ ❒



မြောက်ဥက္ကလာပမြို့နယ်မှ ပန်းချီဆရာ ဆရာမများ၏ "သက်တန့်ရောင်စဉ်များ" ပန်းချီပြပွဲကို ဗိုလ်ချုပ်ဈေးအရှေ့ဘက်တန်း ပန်းချီပန်းပုခန်းမတွင် ဧပြီ ၁ ရက်က နောက်ဆုံးနေ့အဖြစ်ပြသခဲ့ရာ ပန်းချီဆရာ သပြေမြင့်သိန်း၏ မိခင်တစ်ယောက်၏အကြိုက်ကို ပီပြင်အောင် ဆီဆေးဖြင့်ရေးဆွဲထားသည့် "အမေ့အကြိုက်" ဆီဆေးပန်းချီကား (အပေါ်ပုံ)**နှင့် ပန်းချီဆရာ Bastar ၏ သက်ဝင်လှုပ်ရှားနေသော "ရေခပ်ဆင်းချိန်" ဆီဆေးပန်းချီကား** (ယာပုံ) **တို့ကို ဤသို့တွေ့ရသည်။** ဓာတ်ပုံလက်ရာ–သိန်းဝင်းလေး (မြန်မာ့အလင်း)